မြဝတီ နေ့စဉ်

အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

စိတ်သည်အရာရာကိုဦးဆောင်၏။
စိတ်သည် အမွှန်မြတ်ဆုံးဖြစ်၏။
စိတ်သည် အရာရာကိုပြီးစီးစေ၏။
ကြည်လင်သောစိတ်ဖြင့် ပြုမူ ပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
အေးမြသောအရိပ်သည် အစဉ် လိုက်ပါသည်နှင့်တူ၏။

ဓမ္မပဒ

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၂၀၉)

■ ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ သောကြာနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

မြန်မာ-ထိုင်းနှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်

စာမျက်နှာ ၅ ကော်လံ ၁ ★



အောင်လံခရိုင် အောင်လံမြို့ ဧရာဝတီတံတား (သရက်-အောင်လံ) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

မကွေး နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ဧရာဝတီတံတား(သရက်–အောင်လံ) တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှဆောင်ရွက်လျက်ရှိရာ ယခုအခါတံတားတစ်စင်းလုံးတည်ဆောက်မှု၏ ၅၈ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီ

စာမျက်နှာ ၁၁ ကော်လံ ၁ ❖

ရေဘေးသင့်ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် ညောင်ရွှေမြို့၊ နန့်ပန်ရပ်ကွက်၊ ဝန်းရပ်ကွက်၊ မြို့လယ်ရပ်ကွက်၊ မင်္ဂလာရပ်ကွက်များအတွင်း ရေများ ဝင်ရောက်ကာ

စာမျက်နှာ ၃ ကော်လံ ၁ ➤



နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယနေ့ ဖတ်စရာ

တတိယအကြိမ် ပြည်ထောင်စု လွှတ်တော်တတိယပုံမှန် အစည်းအဝေး ဒဿမနှေ့ကျင်းပ

စာ – ၇ သို့

အာကာသကိုလွှမ်းမိုး နိုင်တော့မည့် မြန်မာလူငယ်များ

ဆောင်းပါး စာ – ၁၃ သို့

အယ်ဒီတာ့အာဏော်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်

အမှောင်တွင်းမှအလင်းရောင်ဆီသို့

နိုင်ငံအတွင်းရှိတိုင်းရင်းသားပြည်သူများအနေဖြင့် တရားဥပဒေဘောင်အတွင်း တရားဥပဒေနှင့်အညီနေထိုင်ခြင်းမှာ အကောင်းဆုံးနေထိုင်ခြင်းဖြစ်သည်။ တရားဥပဒေစိုးမိုးမှုကင်းမဲ့သောနေရာဒေသတွင် နေထိုင်လုပ်ကိုင်နေသူတို့မှာ ကျီးလန့်အစာစားရသည့်အသွင်ပမာဖြင့် စိတ်လုံခြုံမှုကင်းဝေးလှသည်။ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းအတွင်းသို့ ရောက်ရှိသွားသူများ၏အနာဂတ်မှာအမှောင်အတိပြီးကာ ပျောက်ဆုံးနေပြီဖြစ်သည်။ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဆိုသည်မှာ မျှတမှုနှင့်ကန်သောတရားဥပဒေမရှိသည့်အတွက် လူနှင့်လူချင်းအနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ကြီးနိုင်ငယ်ညှဉ်းပြုခြင်းလုပ်ရပ်တို့ကို ထင်တိုင်းကြဲနေကြသည်။

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေကြသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် အစဉ်အမြဲလမ်းဖွင့်ဖိတ်ခေါ်ကြိုဆိုလျက်ရှိသည်။ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ တဖွဲဖွဲဝင်ရောက်လျက်ရှိသည်ကို မကြာခဏမြင်တွေ့ကြားသိနေရသည်။ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ပြည်သူတို့ကြားသိကြပြီးဖြစ်သည်။

နိုဝင်ဘာလ ၁၀ ရက်နေ့က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် TNLA အဖွဲ့မှ ဗျူဟာမှူးအဆင့်ရှိ ဂူဆီးအပါအဝင် တပ်ဖွဲ့ဝင်အမျိုးသား ၁၇၈ ဦးနှင့် အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၂၀၀ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် TNLA အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံရသည့် ဒေသခံတိုင်းရင်းသားပြည်သူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် ပေးဆပ်နေကြရသူများဖြစ်သည်။

ၔင်းတို့သည် အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၔင်းတို့အဖွဲ့အတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ အဓမ္မကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကိုခုခံနိုင်စွမ်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၇၈ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၃၉၀၀၊ ပစ္စတိုသေနတ်သုံးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၀၊ လက်လုပ်သေနတ် သုံးလက်အတွက် ဆုကြေးငွေကျပ် ၁၅ သိန်း၊ လက်နက်မပါအလင်းဝင်ရောက်လာသူ ၁၁၆ ဦးအတွက် ဆုကြေးငွေကျပ် ၁၁၆ သိန်းတို့ကိုပေးအပ်ပြီး ခံဝန်ကတိလက်မှတ်ရေးထိုးကြကာ မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

ဥပဒေဘောင်အတွင်းသို့ ငြိမ်းချမ်းစွာပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံရန်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့်ကူညီပံ့ပိုးမှုများပေးအပ်သွားမည်ဖြစ်သည်။ ထို့ပြင် ပါရှိလာသော လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်လျက်ရှိသည်။ ထို့ကြောင့် အကြမ်းဖက်အဖွဲ့အစည်းအသီးသီးသို့ရောက်ရှိနေသူများအနေဖြင့် အကြမ်းဖက်အဖွဲ့များအတွင်းမှ ရဲတုံ့စွာထွက်ခွာပြီး **အမှောင်တွင်းမှ အလင်းရောင်ဆီသို့**လျှောက်လှမ်းကြရန်ဖြစ်ပါကြောင်း။ ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အောက်ပါနည်းလမ်းများကိုလိုက်နာနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်

အိမ်တွင်းသုံးရေချွေတာရေးနည်းလမ်းကောင်းများ

၁။ ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်းရှိ၊ မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

၂။ ရေချိုးချိန်နှင့်နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။

၃။ အဝတ်လျှော်ရာတွင် တစ်ထည်ချင်း၊ နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်းစုပြီးလျှော်ပါ။ ပန်းကန်ဆေးစက်အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့်ပန်းကန်အရေအတွက်အထိစောင့်၍စုစည်းဆေးကြောပါ။

၄။ အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသောရေများ၊ ဆန်ဆေးရေများကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

၅။ ရေကိုစနစ်တကျအသုံးပြုမှုအလေ့အထများကို အသိပညာပေးမျှဝေပါ။ မိမိတို့၏အသိုက်အဝန်း၊ လုပ်ငန်းခွင်၊ သူငယ်ချင်းများနှင့် မိသားစုအတွင်း ရေချွေတာသုံးစွဲခြင်း၏အရေးပါပုံကို အသိပညာပေးမျှဝေခြင်းဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သုံးရေချွေတာသုံးစွဲရေးဆိုင်ရာနှိုးဆော်ချက်

၁။ အပင်ရေလောင်းချိန်ကိုအချိန်ကိုက်လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိအသုံးချနိုင်ရန် နံနက်စောစောသို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့်အပင်များကိုရေလောင်းပါ။

၂။ မိုးရေကိုစုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကိုသိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသောမိုးရေစုဆောင်းသည့်စနစ်များကို ကြံဆဆောင်ရွက်ပါ။

၃။ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့်ရှင်သန်နိုင်သော အပင်မျိုးများကိုရွေးချယ်စိုက်ပျိုးပါ။

၄။ သစ်ပင်များကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်းရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်ရေတည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျစိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆားလင်းကြီးမြို့နယ်၌ ကုလားပဲသီးနှံ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဆားလင်းကြီး နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ဧက ၂၂၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆားလင်းကြီးမြို့နယ်၌ ကုလားပဲသီးနှံ ၃၈၇၈၃ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်အထိ ဧက ၂၂၀၀၀ စိုက်ပျိုးပြီးဖြစ်သည်။

"ဆားလင်းကြီးမြို့နယ်မှာ ကုလားပဲသီးနှံ ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်ပေးနေတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်တစ်ခါ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာပါ"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း - ၈ နှင့် ရေဆင်း - ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြသည်။

ထို့ပြင် သီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးမှုများကို ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

သဇင်(FM)အသံလွှင့်အစီအစဉ်
၁၃-၁၁-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ ဥယျာဉ်မှူးတို့သိမှတ်စရာ
၂။ ၁၀:၀၀ လောကနီတိ
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍာ
၆။ ၂၁:၂၀ မြန်မာသံစဉ်(ကာလပေါ်တေး)

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၁၆၆၃၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတိုထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

စောစောသိ၊ စောစောကု၊ စောစောကာကွယ်ရမည့် ဆီးချို၊ သွေးချိုရောဂါ

ဆီးချို၊ သွေးချိုရောဂါသည် ကမ္ဘာတစ်ဝန်းတွင် အလျင်မြန်ဆုံးကြီးထွားလာနေသော ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်သည်။ လက်ရှိတွင် ကမ္ဘာ့လူဦးရေ ကိုးဦးတွင် တစ်ဦးခန့်သည် ဆီးချို၊ သွေးချိုရောဂါခံစားနေကြရပြီး အရေးတကြီး လုပ်ဆောင်မှုမရှိပါက ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာကုန်ကျစရိတ်များ ဆက်လက်မြင့်တက်နေမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာ၏ ဘဝများကို ထိခိုက်စေနိုင်သည်။ အထူးသဖြင့် ၂၅၂ သန်းသောလူများသည် ဆီးချို၊ သွေးချိုရောဂါရှိနေသော်လည်း မိမိတို့တွင် ရောဂါရှိသည်ကို မသိကြကြောင်း တွေ့ရှိရသည်။

ဆီးချို၊ သွေးချိုရောဂါရှိသူများ၏ ၄၀ ရာခိုင်နှုန်းကျော်သည် ရောဂါရှိကြောင်း မသိရသေးသဖြင့် ဆီးချို၊ သွေးချိုရောဂါ၏လက္ခဏာများကို သိထားရန် အလွန်အရေးကြီးသည်။ ဆီးချို၊ သွေးချိုရောဂါသည် မည်သည့်အသက်အရွယ်တွင်မဆို ဖြစ်ပွားနိုင်ပြီး မှားယွင်းသောရောဂါရှာဖွေချက်နှင့် ကုသမှုသည် ကုသမှုစတင်ချိန်ကို နှောင့်နှေးစေပြီး နှလုံး၊ ကျောက်ကပ်၊ မျက်စိနှင့် အာရုံကြောဆိုင်ရာ နောက်ဆက်တွဲပြဿနာများဖြစ်နိုင်ခြေကို တိုးမြင့်စေနိုင်သည်။ ထို့ကြောင့် ရောဂါလက္ခဏာများကိုသိထားခြင်း၊ သံသယရှိပါက အမြန်ဆေးရုံတက်ခြင်းနှင့် ဆရာဝန်ညွှန်ကြားချက်အတိုင်း စစ်ဆေးခြင်းဖြင့် အသက်ဆုံးရှုံးမှုကို ကာကွယ်နိုင်မည်ဖြစ်သည်။

ဆီးချို၊ သွေးချိုရောဂါ၏ အဖြစ်များသောလက္ခဏာများ

ပိုမိုရှုမကြာခဏာရေတက်လာခြင်း၊ ဆီးသွားသည့် အကြိမ်ရေပိုများလာခြင်း၊ ဒဏ်ရာအနာကျက်နှေးခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်း၊ ပင်ပန်းနွမ်းနယ်လွယ်ခြင်းနှင့်မျက်စိမှုန်ဝါးခြင်း စသည့်လက္ခဏာများရှိပါက ဆေးရုံ၊ ကျန်းမာရေးဌာန သို့မဟုတ် ဆရာဝန်ထံ စောစောသွားရောက်၍ သွေးတွင်းသကြားဓာတ်ကို စစ်ဆေးသင့်သည်။

အမျိုးအစား(၁)ဆီးချို၊ သွေးချိုရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး အထူးသဖြင့် အရွယ်ရောက်ပြီးသူများတွင် မကြာခဏာမှားယွင်းစွာရောဂါရှာဖွေမိတတ်သည်။ အမျိုးအစား(၁) ဆီးချို၊ သွေးချိုရောဂါ၏လက္ခဏာများကို တခြားအခြေအနေများနှင့် မကြာခဏာ မှားယွင်းစွာတွေ့ရလေ့ရှိပြီး အရွယ်ရောက်ပြီးသူများတွင် အမျိုးအစား (၁)ကို အမျိုးအစား (၂) နှင့် မကြာခဏာမှားယွင်းလေ့ရှိသည်။ မှားယွင်းသောရောဂါရှာဖွေမှုနှင့် ကုသမှုသည် စီမံခန့်ခွဲမှုကို နှောင့်နှေးစေပြီး နောက်ဆက်တွဲပြဿနာများနှင့် စောစီးစွာ သေဆုံးနိုင်ခြေကို တိုးမြင့်စေနိုင်သည်။ ရောဂါလက္ခဏာများကိုသိရှိခြင်းသည် ရောဂါရှာဖွေခြင်းနှင့် အသက်ကယ်ကုသမှုကို အကျိုးသက်ရောက်မှုရှိစေနိုင်သည်။

အမျိုးအစား (၁) ဆီးချို၊ သွေးချိုရောဂါသည် လျင်မြန်စွာဖြစ်ပွားလေ့ရှိပြီး အမျိုးအစား(၂)ဆီးချို၊ သွေးချိုရောဂါသည် တဖြည်းဖြည်းဖြစ်ပေါ်လာလေ့ရှိသောကြောင့် သိသာထင်ရှားသောရောဂါလက္ခဏာအနည်းငယ်သာပြသနိုင်သည် သို့မဟုတ် လုံးဝမပြသနိုင်ပါ။ ထို့ကြောင့် အမျိုးအစား(၂) ဆီးချို၊ သွေးချိုရောဂါ၏ လက္ခဏာများကို နှစ်ပေါင်းများစွာ သတိမပြုမိဘဲ ဖြစ်နိုင်သည် သို့မဟုတ် လူအများစုအတွက် ပထမဆုံး လက္ခဏာမှာ ကျောက်ကပ်၊ နှလုံး၊ မျက်စိ သို့မဟုတ် အာရုံကြောများကိုထိခိုက်စေသော နောက်ဆက်တွဲပြဿနာတစ်ခုဖြစ်နိုင်သည်။

အန္တရာယ်များသူများအတွက် စောစောကာကွယ်ပါ

လက်ရှိတွင် အရွယ်ရောက်ပြီးသူ ၆၃၅ သန်းခန့်သည် အမျိုးအစား(၂) ဆီးချို၊ သွေးချိုရောဂါဖြစ်နိုင်ခြေမြင့်သောအခြေအနေတွင်ရှိနေသည်။ စောစောရှာဖွေတွေ့ရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံပြောင်းလဲခြင်းတို့ဖြင့် ရောဂါဖြစ်နိုင်ခြေကို လျော့ချနိုင်သည် သို့မဟုတ် တိုးတက်လာခြင်းကို နှောင့်နှေးစေနိုင်သည်။

ရောဂါကာကွယ်ရန် လူတိုင်းအတွက်လိုအပ်ချက်

လူတိုင်း ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသောအစားအစာများရရှိရန်၊ လေ့ကျင့်ခန်းပြုလုပ်နိုင်သော ဘေးကင်းလုံခြုံသည့်အများသုံးနေရာများရရှိရန်နှင့် အရည်အသွေးမြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် သေချာစေခြင်းသည် အမျိုးအစား(၂) ဆီးချို၊ သွေးချိုရောဂါအန္တရာယ်ကို လျော့ချရန်နှင့် ဆီးချို၊ သွေးချိုရောဂါစီမံခန့်ခွဲမှုကို ပံ့ပိုးရာတွင် ထိရောက်မှုရှိသည်။

> **“ဆီးချို၊ သွေးချိုရောဂါသည် စောင့်ရှောက်မှု၊ ပညာပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်း၏ထောက်ခံမှုဖြင့် ထိန်းချုပ်နိုင်သောရောဂါဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါလက္ခဏာများကို မိသားစုနှင့်မိတ်ဆွေများအားပြောပြပါ။ ဆီးချို၊ သွေးချိုအန္တရာယ်ရှိသူများအား သွေးတွင်းသကြားဓာတ်စစ်ဆေးရန် တိုက်တွန်းပါ။ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာ၊ ပုံမှန်လေ့ကျင့်ခန်းနှင့် ကျန်းမာသောကိုယ်အလေးချိန်ကို အာရုံစိုက်ပါ။”**

အရည်အသွေးကောင်းသောကုသမှု ရရှိစေရန်လိုအပ်ချက်များ

ဆီးချို၊ သွေးချိုရောဂါရှိသူ လူကြီးများ၏ထက်ဝက်ကျော်သည် လိုအပ်သောကုသမှုကို မရရှိသေးကြောင်း တွေ့ရှိရသည်။ ရောဂါကိုစောစောတွေ့ရှိခြင်းသည် အရေးကြီးသော်လည်း ရောဂါရှာဖွေပြီးနောက် ဆက်လက်ကုသမှု၊ ဆေးဝါးရရှိမှု၊ သွေးတွင်းသကြားဓာတ်စောင့်ကြည့်ခြင်းနှင့် ကျန်းမာရေးပညာရှင်များ၏အကူအညီတို့ကို စဉ်ဆက်မပြတ်ရရှိနိုင်မှသာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ အရည်အသွေးကောင်းသောကုသမှုသည် နောက်ဆက်တွဲပြဿနာများကိုလျော့ချနိုင်သောကြောင့် ဆီးချို၊ သွေးချိုရောဂါရှိသူများအား ကျန်းမာပြီး ကျေနပ်ဖွယ်ကောင်းသောဘဝတွင် နေထိုင်နိုင်စေသည်။ ဆီးချို၊ သွေးချိုရောဂါနှင့်ပတ်သက်၍ လူမှုအသိုင်းအဝိုင်းတွင် ထင်မြင်ယူဆချက်အမှားများ ရှိနေဆဲဖြစ်သောကြောင့် လူနာများအား ဆေးရုံတက်ခြင်း၊ ကုသမှုခံယူခြင်းနှင့် တခြားသူများထံ အကူအညီတောင်းခြင်းတို့ကို ရှောင်ကြဉ်စေနိုင်သည်။ ဆီးချို၊ သွေးချိုရောဂါရှိသူ သို့မဟုတ် အန္တရာယ်ရှိသူတိုင်းသည် နားလည်မှုနှင့် စဉ်ဆက်မပြတ်ပံ့ပိုးမှုရရှိရန်လိုအပ်သည်။

လူတိုင်းသည် ဆီးချို၊ သွေးချိုရောဂါရှိသူကို အပြစ်တင်ခြင်းအစား ပံ့ပိုးကူညီခြင်းကို ရွေးချယ်သင့်သည်။ ဆီးချို၊ သွေးချိုရောဂါသည် စောင့်ရှောက်မှု၊ ပညာပေးခြင်းနှင့်လူမှုအသိုင်းအဝိုင်း၏ ထောက်ခံမှုဖြင့် ထိန်းချုပ်နိုင်သောရောဂါဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါလက္ခဏာများကို မိသားစုနှင့်မိတ်ဆွေများအားပြောပြပါ။ ဆီးချို၊ သွေးချိုအန္တရာယ်ရှိသူများအား သွေးတွင်းသကြားဓာတ်စစ်ဆေးရန် တိုက်တွန်းပါ။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ၊ ပုံမှန်လေ့ကျင့်ခန်းနှင့် ကျန်းမာသောကိုယ်အလေးချိန်ကို အာရုံစိုက်ပါ။ ဆီးချို၊ သွေးချိုရောဂါရှိသူများကို နားလည်မှု၊ လေးစားမှုနှင့် ပံ့ပိုးမှုဖြင့် ဆက်ဆံပါ။ ဆေးရုံ၊ ကျန်းမာရေးဌာနနှင့် လူမှုအသိုင်းအဝိုင်းတို့တွင် သွေးချိုစစ်ဆေးမှုနှင့်ပညာပေးလုပ်ငန်းများကို ပံ့ပိုးရန်လိုအပ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါနေ့ ဆောင်ပုဒ်ဖြစ်သည့် Early Action on Diabetes ဆီးချို၊ သွေးချိုရောဂါဘေး စောစောရှာဖွေကုသပေးသည် ဆီးချို၊ သွေးချိုရောဂါကို စောစောသိရန်၊ အချိန်မှန်ကုသမှုနှင့် ပြည့်စုံသောပြုစုစောင့်ရှောက်မှုရရှိစေရန်နှင့် ဆီးချို၊ သွေးချိုရောဂါနှင့်ပတ်သက်သော ထင်မြင်ယူဆချက်အမှားများကိုလျော့ချရန် အာရုံစိုက်ရမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာဆီးချို၊ သွေးချိုရောဂါလွှမ်းခြုံမှုအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ၏ရည်မှန်းချက်တစ်ခုမှာ ၂၀၃၀ ပြည့်နှစ်တွင် ဆီးချို၊ သွေးချိုရောဂါရှိသူ ၈၀ ရာခိုင်နှုန်းကို ရောဂါရှာဖွေနိုင်ရေး အဓိကဆောင်ရွက်နေခြင်းဖြစ်သည်။ သို့ဖြစ်၍ ဆီးချို၊ သွေးချိုရောဂါကို စောစောသိ၊ စောစောကု၊ စောစောကာကွယ်ခြင်းဖြင့် လူသားအားလုံးအတွက် ပိုမိုကျန်းမာသောအနာဂတ်တစ်ခုကိုဖန်တီးနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

ဒေါက်တာသိဂီကျော်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများပေးအပ်စဉ်။

➤ ရှေ့ဖုံးမှအဆက်

ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့် အိမ်ထောင်စု (၈၄)စုစုစုပေါင်းဒေသခံတိုင်းရင်းသားပြည်သူ(၂၈၃)ဦးတို့အား ညောင်ရွှေမြို့၊ မြို့မရန်ကုန်ဘုန်းတော်ကြီးကျောင်းခမ္မာရုံ၌ ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့်အလှူငွေများပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ညောင်ရွှေမြို့ရှိ ရေကြီးရေလျှံမှုဖြစ်ပွားရာ နေရာများသို့သွားရောက်ပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့များကလည်း ရေဘေးသင့် ဒေသခံတိုင်းရင်းသားပြည်သူများအားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

အခွန်ဥပဒေများဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး သဃ်နဲ့းကျွန်းခရိုင်တောင်ဥက္ကလာပမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဥပဒေများဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမင်းလတ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနဦးစီးမှူး ဒေါ်ညိုမိသိန်းက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဝန်ထမ်းများက အခွန်ဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဒေါ်ညိုမိသိန်းက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ

ယမန်နေ့မှအဆက်

"ဟေး အမိန့်တော်ပါတယ် အမိန့်တော်၊ အရှင့်သားတော်၊ သမီးတော်မှန်သမျှ ယခုချက်ချင်း အခစားဝင်ရမယ် ဘဝရှင်မင်းတရားကြီးအမိန့်တော်"

အမိန့်တော်ပြန်တမ်းမိန့်ကြားသံကပင် ထုံးစံမရှိရိုင်းပျတိုဟု စံနက်ကျော်သိလိုက်လေပြီ။ ဤသည်ကား သားတော်၊ သမီးတော်များကို မတရားဖမ်းဆီးခြင်းမှလွဲ၍ တခြားမဖြစ်တန်ရာ၊ စောစောကတိတ်ဆိတ်နေသော စံအိမ်တော်တစ်ခုလုံး ငရဲပွက်တမျှ ဖြစ်ကုန်၏။ ရဲမက်တချို့နှင့်လူစိမ်းတချို့က အိမ်တော်ပေါ်သို့ ဖိနပ်များဖြင့် ရိုင်းပျစွာတက်လာကြပြီး အရှင့်မြေးတော်များ၊ ချွေးမတော်များကို ဆွဲရမ်းဖယ်ရှားကာ ဆဲဆိုနေကြလေသည်။ မင်းသားကြီးက ရာဇကုန္ဒြေကြီးစွာဖြင့်ထတော်မူလာပြီး ခေါင်းဆောင်ဖြစ်ဟန်တူသော အသားညိုညို တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်ရှေ့၌ရပ်လိုက်သည်။

"အလိုမောင်းတို့က ဘယ်သူ့အမိန့်နဲ့ ဤမျှ ရိုင်းစိုင်းနေကြတာလဲကွဲ့၊ ဒါဘဝရှင်ထီးဘုရားရဲ့ သားတော်ကြီး စံအိမ်တော်ဆိုတာသိကြရဲ့လား"

"အို ကိုယ်တော်ဘုရား ဒီအချိန်မှာ သားတော်ကြီးတွေ၊ သမီးတော်ကြီးတွေမိန့်မနေပါနဲ့ ကိုယ်တော်၊ ဒါ အလယ်နန်းမတော်မိဖုရားကြီးရဲ့အမိန့်ပဲ"

"နေပါဦး မောင်မင်းက ရဲမက်လည်းမဟုတ်၊ ရွှေနန်းတော်က လက်သုံးလည်းမဟုတ် ဘယ်သူများလဲကွဲ့"

"ကျွန်တော်မျိုးက ရွှေနန်းတော်လက်သုံးမဟုတ် ပေမယ့် ဒီအချိန်မှာ အားလုံးကိုဇက်ဖြုတ်နိုင်တဲ့ နို့ထိန်းသည်သား မင်းသားမောင်မောင်တုပ်ပါ"

"နို့ထိန်းသည်သားက ရိုင်းလိုက်လေကွယ်၊ ခမည်းတော်ဘုရားရဲ့ မင်းမိန့်အာဏာပါလို့သာပဲ၊ မဟုတ်က ဖြင့် မောင်မင်းရဲ့အသံ ကိုယ်တော်အနည်းမျှပင် အသလပ်မခံဘူး၊ ကဲ ကဲ နှမတော်ထိပ်စုဖုရားနဲ့ သားတော်တို့ ယူစရာအဝတ်အထည်လေး နည်းနည်းပါးပါး ဆောင်ပြီး အသာတကြည်လိုက်သွားကြတာပဲ့ကွယ်"

စံနက်ကျော် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးမကြားဖူးသော နို့ထိန်းသည်သား မောင်မောင်တုပ်ဆိုသူကို အသေအချာကြည့်၍ နှလုံးသား၌ စွဲသွားအောင် မှတ်ထားလိုက်လေသည်။ အရပ်ခြောက်ပေကျော်သော စံနက်ကျော်နှင့်စာလျှင် အရပ်ပုပျပ်၏။ အသားကမဖြူမညို နွှတ်ခမ်းမွေး ကျင်စွယ်ရေးရေး ဂင်တိုတုတ်ခိုင်သောခန္ဓာကိုယ်ဖြင့် အရှင့်သားတော်များသာ ဆင်မြန်းခွင့်ရှိသော ရင်ဖုံးပိုးအင်္ကျီကို ဝတ်ဆင်ထားကာ ပိုးပဝါအနီရောင်ကို ခေါင်းပေါင်းထားပြီး မျက်လုံးများက ရဲရဲတောက်လျက် လက်ထဲကဉက်ကြီးတောင်ဓားက လွန်စွာအပြားကြီးမားနေလေရာ ပကာသနီကျမ်းဝတ္ထုများထဲက နတ်ဘီလူးနှင့်တူနေလေသည်။

အိမ်ပြန်ရောက်ချိန်တွင် မိသားစုအားလုံး အထိတ်ထိတ်အလန့်လန့်နှင့် အချင်းချင်းစုရုံးနေကြ၏။

"မြောက်ဥယျာဉ်တော်မှ အလှပန်းမန်မှန်သမျှ မြေဆွေပေါင်းရှင်း ပြုပြင်ရင်းဖြင့် အပင်တိုင်းညှိုးခြောက်သေကုန်ကြသည်။ ဝင်းမှူးတာဝန်များ မလစ်ဟင်းစေရအောင် အထူးအမိန့်တော်ရထားကြသော စံနက်ကျော်တို့သမီး၊ သမက်နှစ်ယောက်မှာ အသက်ဘေးနှင့်နီးသော တာဝန်ကြီးတစ်ရပ်ဖြစ်၍ သိသူမသိသူဝေခွဲမနေအားကြဘဲ အထူးကြပ်မတ်စစ်ဆေးနေကြရ . . ."

မဟာဆီမဟာသွေး ရာဇမာန်ပြင်းထန်ကြသော မက္ခရာမင်းသားကြီးနှင့် ပင်းတလဲမင်းသားကြီးတို့ စံအိမ်တော်များ၌ ခုခံထိုးခုတ်ကြသဖြင့် သွေးထွက်သံယိုမှုများပင်ဖြစ်သည်ဟု သတင်းကြားရ၏။ ညောင်ရမ်းမင်းသားကြီးနှင့် ညောင်အုပ်မင်းသားကြီးတို့က ပြီးခဲ့သောရက်သတ္တပတ်ကပင် မသင်္ကာဖွယ် အရေးများကိုမြင်သဖြင့် နှမတော်မိဖုရားများနှင့် သားတော်၊ သမီးတော်တို့ကိုအပါခေါ်၍ အင်္ဂလိပ် အရေးပိုင်အိမ်မှတစ်ဆင့် သင်္ဘောဖြင့် ကုလားဖြူနယ်မြေအတွင်း လွတ်မြောက်သွားကြပြီဟုလည်းကြားရသည်။ နောက်တစ်နေ့နံနက်တွင် သားတော်၊ သမီးတော်တို့ကို ညတွင်းချင်း လက်သုံးတော်ကြီးများတွင် မနီးမဝေး သားတော်၊ သမီးတော်တို့၏ စံအိမ်တော်များတွင် အုတ်အော်သောင်းတင်း ဖြစ်နေကြသောအသံများကို စိတ်မချမ်းမြေ့ဖွယ် ကြားနေရသည်။ ရွှေနန်းတော်အဆောင်များ၌လည်း ပြေးသူလိုက်သူ ရိုက်နှက်သူနှင့် အပျိုတော်များ၏အထိတ်တလန့်အော်သံ၊ ဟစ်သံများကြောင့် ငရဲပွက်တမျှ ဆူညံနေလေသည်။

မကြာမီ ရာဇမာန်ပြင်းထန်ကြသော မက္ခရာမင်းသားကြီးနှင့် ပင်းတလဲမင်းသားကြီးတို့ စံအိမ်တော်များ၌ ခုခံထိုးခုတ်ကြသဖြင့် သွေးထွက်သံယိုမှုများပင်ဖြစ်သည်ဟု သတင်းကြားရ၏။ ညောင်ရမ်းမင်းသားကြီးနှင့် ညောင်အုပ်မင်းသားကြီးတို့က ပြီးခဲ့သောရက်သတ္တပတ်ကပင် မသင်္ကာဖွယ် အရေးများကိုမြင်သဖြင့် နှမတော်မိဖုရားများနှင့် သားတော်၊ သမီးတော်တို့ကိုအပါခေါ်၍ အင်္ဂလိပ် အရေးပိုင်အိမ်မှတစ်ဆင့် သင်္ဘောဖြင့် ကုလားဖြူနယ်မြေအတွင်း လွတ်မြောက်သွားကြပြီဟုလည်းကြားရသည်။ နောက်တစ်နေ့နံနက်တွင် သားတော်၊ သမီးတော်တို့ကို ညတွင်းချင်း လက်သုံးတော်ကြီးများ လက်စတုံးလိုက်ကြပြီဟူသော သတင်းများနှင့်အတူ တချို့ကလည်း သားတော်၊ သမီးတော်များကို မြောက်ဥယျာဉ်တော်၌ စုဝေးနေခိုင်းထားသည်ဟူသော သတင်းအမျိုးမျိုး ကောလာဟလစကားများက နန်းမြို့တော်အတွင်းပျံ့နှံ့ကာ သားတော်၊ သမီးတော်များ အဖမ်းအဆီးခံကြရသည့်အပေါ် မိဖုရားကြီးများ ငိုညည်းမစဲ တသဲသဲ သောကဖြစ်ကြရလေသည်။ မြောက်ဥယျာဉ်တော်မှ အလှပန်းမန်မှန်သမျှ မြေဆွေပေါင်းရှင်းပြုပြင်ရင်းဖြင့် အပင်တိုင်းညှိုးခြောက်သေကုန်ကြသည်။ ဝင်းမှူးတာဝန်များ မလစ်ဟင်းစေရအောင် အထူးအမိန့်တော်ရထားကြသော စံနက်ကျော်တို့သမီး၊ သမက်နှစ်ယောက်မှာ အသက်ဘေးနှင့်နီးသော တာဝန်ကြီးတစ်ရပ်ဖြစ်၍ သိသူမသိသူ ဝေခွဲမနေအားကြဘဲ အထူးကြပ်မတ် စစ်ဆေးနေကြရလေသည်။

တောင်ဥယျာဉ်တော်၊ မြောက်ဥယျာဉ်တော်များနှင့် အပြစ်တော်ကျသော အရှင့်သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်များကိုသာ ချုပ်နှောင်ရသည့် ကြေးတိုက်ကြီးအပါအဝင် အရေးကြီးမင်းမိန့်များ ဆွေးနွေးရာ ပန်းခုံတော်များ စမုတ်ဆောင်နန်းများ စွယ်တော်စင်၊ ဗဟိုရံစင်တော်ကြီးများမှာ ဝင်းမှူးများကြီးကြပ်ရသည့် သစ်တပ်မြို့ရိုးကြီးအတွင်း၌ ရှိလေရာ လက်နက်ကိုင်ရဲမက်အမျိုးမျိုးနှင့် ကင်းဝန်မင်းကြီးဦးကောင်း၏လူများ၊ အလယ်နန်းမတော်လူများ ခြေချင်းလိမ်နေကြသည်။ စံနက်ကျော်မှာ နေ့စာညစာ ထမင်းပင်မစားဖြစ်ဘဲ နေ့မှညအထိ အထူးတာဝန်ယူနေရသည်။

"ရပ် အရေးတော်ကြီး ရပ်"

ကျယ်လောင်သော အမိန့်သံနှင့်အတူ ကင်းသမားတပ်ဗိုလ်များ၏အမိန့်ကိုလွန်ဆန်၍ ရှေ့သို့ ဇွတ်နှင်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ **မြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အာဆီယံနှင့်ပတ်သက်၍အပြုသဘောဆောင်ပြီး အကျိုးရှိသည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကာ အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံနှင့် နိုင်ငံတကာရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေလျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူကာ အိမ်နီးချင်းနိုင်ငံများနှင့်ပါပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ထိရောက်ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိမှု၊ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍လည်း ၎င်းတို့၏ဘေးကင်းလုံခြုံရေးနှင့် အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး . . .**

★ **ရွှေဖုံးမှအဆက်**

နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Kallayana Vipattipumiprates နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အာဆီယံနှင့်ပတ်သက်၍ အပြုသဘောဆောင်ပြီး အကျိုးရှိသည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံအထွက်လည်းအာဆီယံအဖွဲ့သည်အရေးကြီးသည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့်မြန်မာ-ထိုင်းနှစ်နိုင်ငံနှင့်နိုင်ငံတကာရှိပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေလျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူကာ အိမ်နီးချင်းနိုင်ငံများနှင့်ပါပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ထိရောက်ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ချောင်းများတစ်လျှောက် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးနှင့် မြစ်ရေများညစ်ညမ်းမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံ အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ထိုင်းနိုင်ငံတွင်သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍လည်း ၎င်းတို့၏ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်၊ ဘုတ်အဖွဲ့ဝင်မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီယာ အီမန်နာလီယက်ဗ်တို့ ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာအရ နှစ်ဖက်ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေများ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် ဦးစားပေးနယ်ပယ်များသတ်မှတ်ရေး၊ အပြန်အလှန်အကျိုးရှိစေမည့် အခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ရေးနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ပိုင်းဝန်းဆွေးနွေးအဖြေရှာရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌဖြစ်သည့် မစ္စတာ ဒါနီယာ အီမန်နာလီယက်ဗ်က ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာလက်မှတ်ရေးထိုးခဲ့ပြီးနောက် နှစ်ဖက်ဆက်ဆံရေးနှင့် ကုန်သွယ်ရေးတိုးတက်လာမှုအခြေအနေများ၊ စက်မှု၊ စိုက်ပျိုးရေး၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး၊ စွမ်းအင်၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အာဆီယံနှင့် ဥရောပအာရှစီးပွားရေးသဝဂ္ဂတို့အကြား ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရေးတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။



ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အိမ်ကာနဲဒဲအာဇီဇော့ဖ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပူးတွဲဥက္ကဋ္ဌများသည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများ၏သဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များက နှစ်ဖက်အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး၊ စက်မှု၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ အကောက်ခွန်နှင့်စီးပွားရေးလုပ်ငန်းအစရှိသည့် နယ်ပယ်ငါးခုတွင် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးနှင့် ဘယ်လာရုစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြဝတီ

မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံဆက်ဆံရေးတွင် တိုးတက်မှုများဖြစ်ထွန်းနေသည့်အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ နယ်စပ်ဒေသတည်ငြိမ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ နှစ်နိုင်ငံအကြား ဆက်သွယ်ချိတ်ဆက်မှုကဏ္ဍ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များနှင့် အာဆီယံတွင် နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပသွားမည့် အခြေအနေ၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်နေမှု၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် NCA လမ်းကြောင်းအတိုင်း ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား အကာအကွယ်ပေးရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် သာမက အာဆီယံတွင် မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍ ပြန်လည်ရရှိရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ အနေဖြင့် အာဆီယံနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီများ တိုးချဲ့ပေးအပ်နေမှု၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဖော်ဆောင်နေမှု အပါအဝင် အပြုသဘောဆောင်တိုးတက်မှုများကို အသိအမှတ်ပြုခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ဆက်လက်ပံ့ပိုးမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်ရေး၊ မြစ်ရေညစ်ညမ်းမှုအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများ၊ စွမ်းအင်ကဏ္ဍ အပါအဝင် ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရေး၊ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ သွင်းကုန်ဆိုင်ရာကိစ္စရပ်များနှင့် ဆက်သွယ်ချိတ်ဆက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ အစိုးရနှင့် ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (TICA)မှ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် လိုအပ်သည့်အစည်းအဝေးခန်းမသုံး ပရိဘောဂပစ္စည်းကိရိယာများကို ထောက်ပံ့ပေးသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းလွှာအား ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် MGallery Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

မြဝတီ

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြဿနာများသို့ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား



နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော်ကောင်စီနှင့်မြန်မာအာကာသအရေးစီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြဿနာများကို အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြသလျက်ရှိရာ အခြေခံပညာမူလတန်းအဆင့်၌ အာကာသအိပ်မက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်၌ လူသားနှင့် အနာဂတ် အာကာသခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းအဆင့် အာကာသဆိုင်ရာပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို အနာဂတ် အာကာသနည်းပညာခေါင်းစဉ်ဖြင့် ဆက်လက်ယှဉ်ပြိုင်ကြသည်။

အနာဂတ်မျိုးဆက်သစ်လူငယ် မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အာကာသနည်းပညာဆိုင်ရာပြဿနာများတွင် အာကာသနှင့် AI နည်းပညာသုံးစိုက်ပျိုးရေးစနစ်ပြဿနာ၊ အာကာသနှင့် AI နည်းပညာအသုံးချပြဿနာရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေး စနစ်ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြဿနာ၊ သိပ္ပံနည်းပညာအတိုက်နီယာနှင့် သချိုင်းပညာရပ်ပြဿနာ၊ နက္ခတ္တာရာနှင့် အာကာသသိပ္ပံပြဿနာ၊ အာကာသစူးစမ်းလေ့လာရေးပြဿနာ၊ နက်ရှိုင်းသောအာကာသစူးစမ်းလေ့လာရေး သုတေသနပြဿနာများကို ခင်းကျင်းပြသထားသည်။

ယနေ့တွင် အဆိုပါပြိုင်ပွဲယှဉ်ပြိုင်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းတက်ရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူ ၆၈၃၃ ဦးလာရောက်လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါပြဿနာများကို နိုဝင်ဘာလ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညဖနာရီအထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

မြန်မာနိုင်ငံကြက်ခြေနီအသင်းက နီပေါနိုင်ငံ ရေဘေးအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက နီပေါနိုင်ငံတွင် ရေဘေးကြောင့် ထိခိုက် ခံစားရသူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးသည့်အနေဖြင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အသင်းရန်ကုန်ရုံးခွဲ၌ကျင်းပသည်။

လှူဒါန်းပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းအသင်းများ ဖက်ဒရေးရှင်း မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Sanjeev Kumar Kafley နှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး Mr. Harishchandra Ghimire တို့က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌက နီပေါနိုင်ငံတွင် ရေဘေးကြောင့် ထိခိုက်ခံစားရသူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသောအလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

မြဝတီ

ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးလျက်ရှိ



မိုင်းရယ် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်းရှိ စုရပ်အသီးသီး၌ ဝက်သက်၊ ဂျုံက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်းကို နိုဝင်ဘာလ ၉ ရက်မှ စတင်၍ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ ဝက်သက်၊ ဂျုံက် သိုး ရော ဂါ ကာ ကွ ယ် ဆေး ထပ်ဆောင်းထိုးနှံပေးခြင်း၊ Vitamin A နှင့် သန်ချဆေးများတိုက်ကျွေးခြင်းတို့ဆောင်ရွက်သည်။

မိုင်းရယ်မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် ရည်မှန်းလူဦးရေအတိုင်းပြည့်မီအောင်ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)

ကမ္ဘာ့စားနပ်ရိက္ခာဖူလုံဖို့ ရေအရင်းအမြစ်ထိန်းသိမ်းစို့။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေးက တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒဿမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့် အနက် ယနေ့အစည်းအဝေးသို့ ၅၄၅ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁) (၂)(၃)ပါအချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီဖွဲ့စည်းခြင်းကို** ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်က ကျင်းပခဲ့သည့်တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးနဝမနေ့တွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက် တင်သွင်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)(၂)(၃) ပါအချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို ယင်းနေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇ (ခ)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၅ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့်ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)(၂)(၃) ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခြင်း၊ ဦးတည်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်း၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့မှာ သတ်မှတ်ပြီး ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန်အတွက် ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး စုစုပေါင်း ၉၀ ဦးဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်ပြီး ပူးပေါင်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်းကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ် (၂) ဒေါ်နွယ်နွယ်ဦးကိုလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၇) ဦးဇင်မင်းထက်ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးကိုလည်းကောင်း တာဝန် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကော်မတီဝင် ၈၆ ဦး၏ အမည်စာရင်းကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့်မူကြမ်းတွင် ဖော်ပြထားပြီးဖြစ်ကြောင်း။

ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ ဦးတည်ချက်၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကိုလည်း အပိုဒ် ၈ ပိုဒ်ဖြင့် ထည့်သွင်းဖော်ပြထားပါကြောင်း တင်ပြပြီး ဖွဲ့စည်းသွားမည့်ပူးပေါင်းကော်မတီ၏ ဦးတည်ချက် ၃ ရပ်ဖြစ်သည့် (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာစေရေး၊ (ခ) တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသောအမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကိုဖော်ဆောင်ရေး၊ (ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ဒီမိုကရေစီစနစ်ကို ချက်နှင့်အတူ လွှတ်တော်သို့တင်သွင်းရမည်၊ (စ) ပူးပေါင်းကော်မတီ၏အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင်လည်းပြည်ထောင်စုလွှတ်တော်နာယကထံသို့တင်ပြရမည်၊ (ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်ကို အခြေခံ၍ ဥပဒေမူကြမ်းပြုစုရန်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)(၂)(၃)တို့ကိုလေ့လာဆန်းစစ်၍ သက်ဆိုင်သည့်ကိစ္စများကို လည်းတစ်ပေါင်းတည်းထည့်သွင်းစဉ်းစားရမည်၊ (ဇ)ဥပဒေမူကြမ်းပြုစုတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) ပါ ပုဒ်မ၊ ပုဒ်မခွဲများနှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) ပါပုဒ်မ၊ ပုဒ်မခွဲများအတွက် ပြင်ဆင်လိုသည့်ဥပဒေကြမ်းကို သီးခြားစီရေးသား၍ တစ်ပေါင်းတည်းတင်ပြရမည်၊ (ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်မှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၃၊ ပုဒ်မ ၄၃၄၊ ပုဒ်မ ၄၃၅ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၆ တို့နှင့်အညီ ဥပဒေမူကြမ်းပြုစုတင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်၊ (ည)ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်များ၊ တင်ပြချက်များကို ပြည်ထောင်စုလွှတ်တော်သို့မတင်ပြမီအချိန်ထိ ပေါက်ကြားခြင်းမရှိစေရန် လျှို့ဝှက်အဆင့်သတ်မှတ်ထိန်းသိမ်းရမည်၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးအသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်၊ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊ (ဋ) ပူးပေါင်းကော်မတီသက်တမ်းကုန်ဆုံးပါကဆွေးနွေးချက်၊ သုံးသပ်ချက်၊ တင်ပြချက်၊ ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာများ၊ စာရွက်စာတမ်းအထောက်အထားမှတ်တမ်းများအားလုံးကို ပြည်ထောင်စုလွှတ်တော်သို့စနစ်တကျလွှဲပြောင်းအပ်နှံရမည်၊ လုပ်ပိုင်ခွင့် ၆ ရပ်၊ လုပ်ထုံးလုပ်နည်း ၃ ရပ်၊ ရပိုင်ခွင့် ၃ ရပ်တို့ကို ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့်မူကြမ်းမှာ အသေးစိတ်ဖော်ပြပါရှိပြီး ဖြစ်ကြောင်းနှင့် ပူးပေါင်းကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်အချိန်မှ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းပြီးသည့်အချိန်ထိဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယနာယက ရှင်းလင်းတင်ပြသွားသည့် လေ့လာသုံးသပ်ရေးနှင့် ဥပဒေကြမ်းပြုစုရေး ပူးပေါင်းကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို လွှတ်တော်၏သဘောထားရယူရာ ကန့်ကွက်သူမရှိသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၂၆-၂၀၃၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများအပါအဝင် ရငွေသုံးငွေများနှင့် ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ၂၀၂၆ - ၂၀၃၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းသည် နိုင်ငံတော်၏ မူလခွင့်ပြုထားသောရန်ပုံငွေဖြင့် မလုံလောက်သည့်လုပ်ငန်းများ၊ မဖြစ်မနေကျခံပေးရမည့် အသုံးစရိတ်များနှင့် ထပ်မံအကောင်အထည်ဖော်ရန် လိုအပ်လာသော စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေ ထပ်မံခွဲဝေခွင့်ပြုရန်ရည်ရွယ်သည့် ဥပဒေကြမ်းတစ်ခုဖြစ်ကြောင်း၊ ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲမှုကို ထုတ်လုပ်မှု၊ တိုးတက်မှုနှင့် မချိတ်ဆက်နိုင်ပါက ဈေးနှုန်းများအပေါ် ဖိအားဖြစ်စေနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုမတိုးတက်ဘဲ ငွေကြေးလည်ပတ်မှုသာတိုးလာပါက ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လာနိုင်သည်ကို သတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း၊ မူလခွင့်ပြုငွေအသုံးပြုမှုရာခိုင်နှုန်း၊ လက်ကျန်အခြေအနေနှင့် စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှုတို့အား နှိုင်းယှဉ်ကြည့်ရှုရန်လိုအပ်ကြောင်း၊ ဘဏ္ဍာငွေဖြုန်းတီးမှုမဖြစ်စေရေးနှင့် ယခုလက်ရှိကာလမှ ဘဏ္ဍာနှစ်ကုန်အထိ တိုတောင်းလှသော လက်ကျန်ကာလတွင်အမှန်တကယ် အကောင်အထည်ဖော် ပြီးစီးရန် အရေးကြီးခြင်း၊ ပြည်တွင်း/ပြည်ပ ကြွေးမြီသက်ရောက်မှု၊ နိုင်ငံတော်နှင့်ပြည်သူအတွက် ပြန်လည်ရရှိနိုင်မည့် ရန်ပုံငွေအောင်မြင်မှုတို့ကို တိုင်းတာစစ်ဆေးနိုင်မည့် စနစ် စီမံထားရှိရန် လိုအပ်ပါကြောင်း။

မူလခွင့်ပြုချက်ပါ သုံးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့်အထက် ကျော်လွန်၍ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံလာသည့် ဝန်ကြီးဌာန (၁၂) ခုနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းပါလိုငွေနှင့် GDP အချိုး ၅ ရာခိုင်နှုန်းအတွင်းသာရှိစေရေး၊ အသုံးစရိတ်များ လျှော့ချဆောင်ရွက်ရန်လိုအပ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုး/မွေးမြူရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကဏ္ဍများတွင် ပိုမိုအကျိုးရှိစေရန် အလေးထား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး (ခ)ဦးတင်ဦးက ၂၀၂၆ - ၂၀၃၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဖြည့်စွက်ငွေအပါအဝင် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုလိုသည်မှာ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ နှစ်စဉ်လိုငွေပြလျှင် ရန်ပုံငွေရေးဆွဲနေခြင်းသည် လုံးဝမဖြစ်သင့်ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပျက်သုဉ်းနိုဂုံးချုပ်စေခဲ့သည့် စီးပွားရေး

စာမျက်နှာ ၈ သို့

◆ စာမျက်နှာ ၇ မှ

လုပ်ငန်းတွင် နိုင်ငံတော်က အရှုံးခံခြင်းကို ကောင်းစွာသင်ခန်းစာယူ၍ ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုချက်နည်းလမ်းများ အတိုင်း ဆယ်မကုစားသွားရမည် ဖြစ်ပါကြောင်း။

အခွန်ရငွေများသည် မူလခန့်မှန်းခြေထက်ပိုမိုရရှိခြင်းအပေါ် ကြိုဆိုပါကြောင်း၊ သို့ရာတွင် အခွန်စက်ဝန်းမှ ကင်းလွတ်နေသော နယ်ပယ်များစွာ ရှိနေသေးရာ အခွန်နှုန်းထားမတိုးဘဲ အခွန်နယ်ပယ်တိုးချဲ့ခြင်း၊ သတ်မှတ်ကောက်ခံနှုန်းနှင့် အမှန်မြေပြင်ကောက်ခံနှုန်း ကွာခြားမှုမများအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ တိုက်တာမြေယာ စသည့် အခြေခံပစ္စည်းများပိုင်ဆိုင်မှုအပေါ် အခွန်ကောက်ခံသည့်ဥပဒေကဲ့သို့ အခွန်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်ဘဏ္ဍာအခွန်ငွေများ တိုးမြှင့်ရန်နိုင်ခြေကောင်းစွာရှိကြောင်း အကြံပြုလိုပါကြောင်း ထောက်ခံဆွေးနွေးသည်။

မွန်ပြည်နယ် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က ဖြည့်စွက်ခွင့်ပြုသုံးငွေပမာဏ ငွေကျပ် ၇၄၆၈ ဒသမ ၇၀၂ ဘီလီယံသည် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ၅ နှစ်အတွင်း ပမာဏအများဆုံး ဖြစ်ကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေအမှန်တကယ်သုံးစွဲနိုင်သည့်အချိန်ကာလသည် (၄) လခန့်သာ ကျန်ရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲသုံးစွဲနိုင်ရေးသည် ကြီးမားသည့်ကန့်သတ်ချက်တစ်ရပ်ဖြစ်သည်ဟု ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သုံးသပ်ချက်ကို တွေ့ရှိရပါကြောင်း။

ဘဏ္ဍာနှစ်ကုန်ဆုံးမည့်အချိန်တွင် ခွင့်ပြုထားသောငွေများကို မသုံးစွဲနိုင်ပါက နောက်နှစ်တွင် ပြန်လည်တောင်းခံရန် အခက်အခဲရှိနိုင်သည့်အတွက် ထိုငွေကို အလျင်အမြန်သုံးစွဲရန် ဖိအားဖြစ်လာနိုင်ပါကြောင်း၊ လိုအပ်ချက်များကို အခြေခံသုံးစွဲခြင်းထက် ရန်ပုံငွေကုန်ဆုံးရေးကိုသာ ဦးစားပေးနိုင်ပါကြောင်း၊ (၄) လခန့်သာ ကျန်ရှိသည့်အချိန်သည် အလွန်တိုတောင်းသော ကာလဖြစ်သဖြင့် ဖြည့်စွက်ငွေ ခွင့်ပြုခြင်းသည် တစ်ဖက်တွင် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေသော်လည်း အခြားတစ်ဖက်တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေများကို အရည်အသွေးပြည့်မီ၊ ထိရောက်၊ အကျိုးရှိစွာ သုံးစွဲနိုင်မည်ဆိုသည့် အချက်မှာ စဉ်းစားစရာ ဖြစ်စေပါကြောင်း အကြံပြုဆွေးနွေးသည်။

ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးခင်လှိုင်က ဝန်ကြီးဌာနများမှ တင်ပြလာသည့် ရသုံးမှန်းခြေစာရင်းအများစုသည် ရငွေကိုတိုးပွားအောင် လုပ်ဆောင်သည်ထက် အသုံးစရိတ်ကို ပုံစံအစုံဖြင့် တင်ပြထားသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်၏ ပကတိစီးပွားရေးအခြေအနေကိုသိလျက်နှင့် အချိန်အခါ၊ စောင့်ရမည့်လုပ်ငန်းများကို ရေးဆွဲတင်ပြခြင်း၊ အောက်ခြေအထိ စုံစမ်းစစ်ဆေးမှုအားနည်းခြင်း၊ အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများကို ရေးဆွဲတင်ပြမှုမရှိခြင်း၊ မလိုအပ်သည့် တည်ဆောက်ပြုပြင် လုပ်ငန်းများကို ရေးဆွဲ၍ ရန်ပုံငွေတောင်းခံခြင်းများရှိနေ၍ တင်ပြလာသည့်ရသုံးမှန်းခြေစာရင်းများကို လွှတ်တော်ကိုယ်စားလှယ်များက မျက်မြင်ကွင်းဆင်းစစ်ဆေးလျှင် သိရှိလာပါလိမ့်မည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ ကြယ်ပွင့်ပြမေးခွန်းအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးမြန်းတောင်းဆိုခဲ့သည့် ပြိုကျ၊ ပျက်စီး၊ အန္တရာယ်ရှိ အခြေခံပညာစာသင်ကျောင်းများ၊ မြို့နယ်လဝကရုံးများ၊ မဖြစ်မနေပြုပြင်တည်ဆောက်ပေးရမည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည့် လမ်းတံတားများကို ယခုဘဏ္ဍာနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လျာထားဘတ်ဂျက်အနည်းဆုံးဖြစ်သည့် စစ်ဘေးရှောင်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိလွယ်ရှလွယ်သော အလုပ်သမားရေးရာ ကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးနေရသည့် အလုပ်သမား ဝန်ကြီးဌာနတို့ကို ယခုတင်ပြသည့် ဖြည့်စွက်ခွင့်ပြုငွေပမာဏထက် ပိုမိုတိုးမြှင့်ပေးရန် လိုအပ်သည်ကို အကြံပြုလိုပါကြောင်း။

မိမိတင်ပြခဲ့သည့် ဝန်ကြီးဌာနများအတွက် မဖြစ်မနေအရေးကြီးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မူလဖြည့်စွက်တောင်းခံငွေထက် ပိုမိုတိုးမြှင့်ပေးနိုင်ရန်၊ လက်ရှိဥပဒေကြမ်းပါ ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၇၄၆၈ ဒသမ ၇၀၂ ဘီလီယံ အတိုင်း မပြောင်းလဲဘဲ ဖြည့်စွက်ခွင့်ပြုငွေပမာဏများသည် ဝန်ကြီးဌာနအသီးသီးမှ ပြန်လည်ဖြတ်တောက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြန်လည်စိစစ်ဆောင်ရွက်ပေးပါလျှင် ယခုတင်ပြသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို သဘောတူညီချက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ငွေသားစာရင်းအရ စုစုပေါင်းလိုငွေမှာ ငွေကျပ် ၂၁၃ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ အဆိုပါ စုစုပေါင်းအသုံးစရိတ်တွင် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ပါဝင်ကြောင်းနှင့် လက်ရှိတွင်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများက နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အရှုံးဖြစ်ပေါ်မှုကို သက်သာစေရန် အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းတို့မှာ ဘဏ္ဍာရေးအခြေအနေအရ အရှုံးဖြစ်ပေါ်နေသော်လည်း ပြည်သူများအတွက်လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူ့ကုန်စည်များ စီးဆင်းမှုမှန်ကန်ရေးအတွက် အားထားရာ ဖြစ်သည့်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါကြောင်း၊ ၎င်းလုပ်ငန်းများအနေဖြင့် အရှုံးလျော့နည်း၍ လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်ရေးကိုသာ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုနည်းတူစွာ အခွန်အခြေကို တိုးချဲ့ခြင်းကိုလည်း ကောင်း၊ အခြေခံဝစ္စည်းများအပေါ်မှ အခွန်ကောက်ခံခြင်းနှင့်စံနှုန်းမှန်ကန်ရေးကို လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ ဆွေးနွေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ရငွေများမှာ သက်ဆိုင်ရာ ဘဏ္ဍာနှစ် အမှန်စာရင်းများအရ နှစ်စဉ် မူလခန့်မှန်းခြေငွေစာရင်းထက် ပိုမိုရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ရငွေရရှိမှုအပေါ် မူတည်၍ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ်များကို အလိုက် ခွဲဝေသုံးစွဲရခြင်းဖြစ်ပါကြောင်း၊ အခွန်အကောက်ရငွေတိုးတက်မှုရရှိမှုသာ နိုင်ငံတော်၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကဏ္ဍများတွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့သုံးစွဲနိုင်မှသာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနများ၏ ဖွဲ့စည်းမှုနှင့် သဘောတရားကို သေချာစွာ လေ့လာရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများသည် စနစ်တကျ ဖွဲ့စည်းထားပြီး ဝန်ကြီးဌာနတစ်ခုချင်းစီ၏ SOP နှင့် Terms of Reference များ ရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနတိုင်းသည် ရငွေရှာဖွေရသည့် ဌာနများမဟုတ်ပါကြောင်း၊ ရငွေပိုင်းတွင် အခွန်မှရငွေနှင့် အခွန်မဟုတ်သော ရငွေဖြစ်ပါကြောင်း၊ အခွန်မှရငွေကို ကောက်ခံရသည့် ဝန်ကြီးဌာနများရှိပြီး အခွန်မဟုတ်သောရငွေများကိုသာ ဆောင်ရွက်ရသည့်ဝန်ကြီးဌာနများရှိပါကြောင်း၊ အသုံးစရိတ်ပိုင်းတွင် လစာနှင့်စရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ် ခွဲခြားထားပါကြောင်း၊ ဝန်ကြီးဌာနတိုင်းသည် စီမံကိန်းပါမှသာလျှင် ဘတ်ဂျက်လျာထားခွင့်ရှိပါကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းများကို စိစစ်သည့်အခါတွင်လည်း မိမိတို့အနေဖြင့် ရှေ့သုံးနှစ် နောက်သုံးနှစ်ကို ပြန်လည်သုံးသပ်ထားသည့် ကာလလတ်ဘဏ္ဍာရေးမူဘောင်ကို ထုတ်ပြန်ထားပြီး ဝန်ကြီးဌာနများကို အဆိုပါမူဘောင်နှင့် ထိန်းချုပ်ထားပါကြောင်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ စာရင်းအောက်တွင် ကြွေးမြီနှင့် ပြန်ဆပ်ငွေများ ထည့်သွင်းလျာထားရပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှုကော်မရှင်တို့၏ ငွေလုံးငွေရင်းသာမန်အသုံးစရိတ်များ အားလုံးကိုလည်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်တွင် ထည့်သွင်းပြီး တောင်းခံပေးရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ စာရင်းတွင် ငွေကျပ် ၂၀၃၃ ဘီလီယံ ပေါ်ပေါက်နေခြင်းဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တင်သွင်းခြင်း ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့အတူ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အစီရင်ခံစာတွင်ပါရှိသည့် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် သတ်မှတ်ပမာဏရရှိရေး ကြိုးပမ်းအကောင်အထည်ဖော်သင့်ကြောင်း သဘောထားမှတ်ချက်နှင့် စပ်လျဉ်းပြီး ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် အဆိုပါ ခန့်မှန်းချက်ပမာဏ ရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံစီးပွားမြှင့်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကဏ္ဍများတွင် ပိုမိုအကျိုးရှိစေရန် အလေးထား ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးချက်နှင့်စပ်လျဉ်း ပြီး နိုင်ငံတော်၏အသုံးစရိတ်မူဝါဒတွင် အဆိုပါကဏ္ဍများကို အဓိကဦးစားပေးထည့်သွင်းဆောင်ရွက်ထားရှိပါကြောင်း၊ ဘဏ္ဍာနှစ်ကုန်ဆုံးရန် (၄) လခန့်သာ ကျန်ရှိသည့်အချိန်သည် စီမံကိန်းအသစ်များအတွက် အလွန်တိုတောင်းသော ကာလဖြစ်သဖြင့် ဖြည့်စွက်ခွင့်ပြုငွေများကို ထပ်မံခွင့်ပြုခြင်းသည် ဘဏ္ဍာငွေကို အချိန်မီထိရောက်စွာနှင့် အကျိုးရှိစွာသုံးစွဲနိုင်မည်ဆိုသည့် အချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတင်ပြတောင်းခံသည့် ဌာနအသီးသီးမှ လုပ်ငန်းဆောင်ရွက်မည့် ဒေသ၊ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ ဖြည့်စွက် ခွင့်ပြုကာလအတွင်း အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းပမာဏနှင့် တာဝန်ယူမှုတို့ဖြင့် စိစစ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် အဆိုပါဥပဒေကြမ်း၏ ရငွေသုံးငွေများ၊ ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အဆိုပြုချက်အပေါ်အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းပြီး လွှတ်တော်၏အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူရှိသည့်အတွက် စက်ခလုတ်နှိပ်အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၈၁ မဲ၊ ကန့်ကွက်မဲ ၁၉ မဲ၊ ကြားနေမဲ ၂၈ မဲရရှိပြီး ထောက်ခံမဲများသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာလ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာလ ၁၂ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၃)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မြတ်မွန်ရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြမွန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမ မြမခူဝေ(ကျုံမငေး)က စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာပေဟောပြောပေးသော စာရေးဆရာမကြီးအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

ထို့နောက် စာဖတ်ရှုနိုင်မြှင့်တင်ရေး လှုပ်ရှားမှုပြိုင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက တက်ကြွပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုစစ်ဆေး

ညောင်ရွှေ နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများအလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဖွဲ့စင်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို နိုဝင်ဘာလ ၁၂ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဖွဲ့စင်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဖွဲ့စင်းမြောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၀ ဦးအား ထုတ်ချေးငွေကျပ် ၄၁ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မြစ်သားမြို့နယ်၌ မိုးစပါးဧက ၆၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မြစ်သား နိုဝင်ဘာ ၁၂

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ကင်းတားရေလှောင်တမံဆည်ရေဖြင့် မိုးစပါး ဧက ၆၂၃၈၅ ဧက စိုက်ပျိုးပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ကင်းတားရေလှောင်တမံဆည်ရေမှ စမောမြောင်း၊ ပန်းလောင်မြစ်နှင့်မြောင်းကြီးဘောင်မြစ်တို့မှတစ်ဆင့်ဖြန့်ဝေပေးခဲ့သည်။



ထိုသို့ စိုက်ပျိုးရေ စနစ်တကျဖြန့်ဝေမှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားရှိသည့် မိုးစပါး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကာ ယခုနှစ် ၂၀၂၆-၂၀၂၇ မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစပါး စိုက်ဧက ၆၂၃၈၅ ဧက စိုက်ပျိုးဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေးဟောပြော

ကျွန်းစု နိုဝင်ဘာ ၁၂

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကဘင်းချောင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ နိုဝင်ဘာလ ၁၂ ရက်တွင် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ တန်ဘိုနယ်တာဝန်ခံတောအုပ်ဦးဇော်ကိုလတ်က သစ်တောထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးက အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ဇော်ထွန်းက မီးဘေးအန္တရာယ်ကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်စုစုသိန်းက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများအားလည်းကောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ နံရံကပ်စာစောင်များပြသရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

ငဖဲမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

ငဖဲ နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသည် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို နိုဝင်ဘာလ ၁၁ ရက်တွင် ဧကတောကျေးရွာအုပ်စု၌ တောင်သူ ၃၀ ဦးအား ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်သီသီမာက တောင်သူများအနေဖြင့် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်၊ စိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရန်နှင့် ဆောင်းသီးနှံများအချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ပြီး တောင်သူများ လူမှုစီးပွားဘဝအဆင်ပြေစေရန် ရည်ရွယ်၍ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရခြင်း ရည်ရွယ်ချက်များနှင့် သီးနှံများအထွက်နှုန်းကောင်းမွန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ရည်မှန်းစိုက်ပျိုးကြရန် ဆွေးနွေးပြောကြားသည်။

ငဖဲမြို့နယ်၌ ၂၀၂၆ ခုနှစ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်ရေးအတွက် ကျေးရွာအုပ်စုရုစ်အုပ်စုမှ တောင်သူများအား ထုတ်ချေးပေးရန်လျာထားပြီး ဧကတောကျေးရွာအုပ်စုမှ တောင်သူ ၃၀ ဦး၏ စပါး ငါး ဧကနှင့် တခြားသီးနှံ ၁၃၉ ဧက စုစုပေါင်း ၁၄၄ ဧကအတွက် ချေးငွေကျပ် ၃၆၂ ဒသမ ၅၀ သိန်းကို စတင် ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့် တောင်သူများအား ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

သဒ္ဒါရှိန်ကဲ့ ကထိန်ပွဲ

❖ ဆောင်းဦးလေ သုန်သုန်ဖျန်း
ပုလဲပန်း နှင်းမှုန်စီ။
ကြတ္တိကာ တိမ်ယံစွန်း
ထွန်းလင်းထိန်ကြည်။
ဗြိစ္ဆာရာသီ
ပွင့်သိဒ္ဓိ ခဝဲပန်း။
ပုဏ္ဏမီ ငွေယုန်စက်
ဝင်းလက်ကြည်လန်း။

❖ တာရာစုံ စိန်တစ်နှုန်း
တန်ဆောင်မုန်း လအခါ။
ညစ်ငါးအင် ကင်းစင်ပ
ဆေးပေါင်းခရာ။
သာမည ဖလအခါ
ကျီးတာရာ ထွန်းလင်း။
ဆေးဖက်ဝင် မဲဇလီဖူးကို
ခူးသုပ်ဆောင်နှင်း။

❖ ပန်းညီလာ မွှေးထုံလွ
ထူးမာသ တန်ဆောင်တိုင်
ဆီမီးကမြိုင်။
ပြည်နိဗ္ဗု ပန်းတိုင်
လှမ်းကိုင်ကာ ကူးနိုင်ဖို့။
ကထိန်လျာ မြတ်သင်္ကန်း
လှူဒါန်းပါလို့။

❖ ဘုံကထိန် အလှူပွဲ
ပျော်ရွှင်နွဲ့ လှည့်လည်ကာ။
မြန်မာ့ဟန် အသရေမည်းဦး
ဒိုးပတ်သံသာ။
ဝေဖြာတဲ့ ပဒေသာ
စေတနာ ဖော်ကျူး။
"ဦးရွှေရိုး" "ဒေါ်မိုး"အက
ဟာသရွှင်မြူး။

❖ စီဝရံ ကထိန
သံဃိက မြတ်အလှူ။
ဝါကျွတ်ချိန် တစ်လတွင်း
ခင်းသဒ္ဒါဖြူ။
ဆရာ ဒကာ ညီတူတူ
ကောင်းကျိုးမူ ငါးပါးရ။
ကာလဒါန ကုသိုလ်ပွဲကို
မြန်မာတို့ သဒ္ဒါကဲ့
နွဲ့ရေစက်ချ။ ။

မောင်ယုလွင်(သပြေ)

အိမ်ထောင်စုလူဦးရေစာရင်းများမှန်ကန်စေရေးအတွက် လူဦးရေအတိုးအလျှော့၊ ပြောင်းဝင်ပြောင်းထွက်၊ သေဆုံးပယ်ဖျက်စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၂

လူဦးရေစာရင်းများပြုစုရာတွင် အခြေခံအသုံးပြုသည့် မြို့နယ်ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းများမှန်ကန်စေရေးအတွက် လူဦးရေအတိုးအလျှော့၊



ပြောင်းဝင်ပြောင်းထွက်၊ သေဆုံးပယ်ဖျက်စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ကာယကံရှင်က ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ကော်မတီ အဆင့်ဆင့်ကလည်း ယင်းသို့ဆောင်ရွက်နိုင်ရေး အသိပေးတိုက်တွန်းနှိုးဆော်ကာ လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြရန်လိုကြောင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် မှာကြားသည်။


ပြည်ထောင်စု ဝန်ကြီးသည် ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး တွေ့ဆုံပွဲသို့ ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားကတ်အပို ကိုင်ဆောင်မှု၊ အချက်အလက်ကွဲလွဲမှု၊ ကတ်နံပါတ်ထပ်မှု၊ ကတ်အတုပြုလုပ်ကိုင်ဆောင်မှုများ မရှိစေရေးနှင့် e-ID ဆိုင်ရာ ဒီဂျစ်တယ်ဝန်ဆောင်မှုများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biometric ကောက်ယူ၍ UID နံပါတ်ထုတ်ပေးရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာနယ်မြေဒေသအလိုက် မဖြစ်မနေတွန်းအားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် မဲစာရင်းပြုစုရာတွင်လည်း အဓိကကျသည့် အတည်ပြုလူဦးရေစာရင်းကို တိကျမှန်ကန်စွာပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အတွက် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လဝကစသည့် ဌာန(၃)ခုမှ အဓိကပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေကြသော်လည်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က ယခင်အတွေ့အကြုံများအရ ကြပ်မတ်စိစစ်အတည်ပြု ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကောက်ယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ဗဟိုကော်မတီ၏ညွှန်ကြားချက်များနှင့်အညီ အတည်ပြုလူဦးရေစာရင်းပြုစုပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက အတည်ပြုလူဦးရေစာရင်းမှန်ကန်ရေးအတွက် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ တတိယနေ့တွင် ရဟန်း၊ သာမဏော၊ သီလရှင် စုစုပေါင်း အပေါင်း ၃၀၀၀ ကျော် ဝင်ရောက်ဖြေဆို

ဟိုပုံး နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် နာဂပုရသာသနာလင်္ကာရအသင်းကြီးမှ ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရသာမဏေကျော်စာမေးပွဲကို ယနေ့မွန်းလွဲပိုင်းက နောင်တောင်းပရဟိတ တပ်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ဆက်လက်ဖြေဆိုလျက်ရှိရာ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်းခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များ၊ စာဖြေရဟန်း၊ သာမဏော၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏော၊ သီလရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ဥပစာတန်း ရဟန်း၊ သာမဏော၊ သီလရှင် ၆၅၂ ပါး၊ မူလတန်း ရဟန်း၊ သာမဏော၊ သီလရှင် ၂၈၅ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏော၊ သီလရှင် ၁၈၄၂ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏော၊ သီလရှင် ၈၆၉ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏော၊ သီလရှင် ၃၇၉ ပါး စုစုပေါင်း ရဟန်း၊ သာမဏော၊ သီလရှင်အပါး ၃၄၄၀ ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို နိုဝင်ဘာလ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရပ်နီး/ရပ်ဝေးမှ ဒေသခံပြည်သူများလည်း အလှူငွေများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ဌာနေကိုယ်စားလှယ် မစ္စတာအားနော့ဒီဘော့ခ်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ဌာနေကိုယ်စားလှယ် မစ္စတာအားနော့ဒီဘော့ခ်နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC မှ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ICRC နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြဝတီ

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ ဟိန္နုရိုးရာ ဒီပါဝလီ ဆီမီးထွန်းပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ကြီးမှူးကျင်းပသော ဟိန္နုရိုးရာ ဒီပါဝလီဆီမီးထွန်းပွဲတော်အခမ်းအနားကို ယမန်နေ့က ရန်ကင်းမြို့နယ်၌ ကျင်းပရာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) နာယကများ၊ ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဟိန္နုရိုးရာ ဒီပါဝလီဆီမီးထွန်းပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒီပါဝလီဆီမီးထွန်းညှိ၍ ဆုတောင်းမေတ္တာပို့သကြသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဒီပါဝလီခြံလွှာနှင့် ဂုဏ်ပြုပန်းကုံးများ ချီးမြှင့်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏက အမှာစကားပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူတစ်ဦးက မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးကျော်ဇင်လတ်(ဟိန္နုဘာသာ)က ဒီပါဝလီအကြောင်းအရာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်းက ဝမ်းမြောက်ကြောင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး နာယက ဦးဘနီက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင် ဦးဆန်းအောင်က နိဂုံးချုပ်စကားပြောကြားပြီး ဖျော်ဖြေရေးအဖွဲ့များက ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။ **လင်းခန့်**

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ



နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်သည့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆိုက်ရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးနိုင်မင်းကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြဝတီ

(၁၂-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၁ ~ ၃၆၇၀	၅၁၇.၆ ~ ၅၁၈.၇	၁၂၅.၆ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၄,၉၄၃,၈၃၁.၃၅	၂,၀၃၆,၂၁၉.၂၅	၁၆၁,၁၉၆,၀၇၇.၄၆	

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၈/၂၀၂၆
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့အရ အောက်ပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ကယားပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးသန်းစိုးအောင် **အစား** ဗိုလ်မှူးကြီးနောင်လတ်

(၂) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးဝင်းတင်စိုး **အစား** ဗိုလ်မှူးကြီးမင်းသိန်း

(၃) **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးမိုးမင်းသိန်း **အစား** ဗိုလ်မှူးကြီးနိုင်ဇင်ထွန်း

(၄) **မွန်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးကျော်စွာမြင့် **အစား** ဗိုလ်မှူးကြီးရဲထွဋ်

(၅) **ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးကျော်သူရ **အစား** ဗိုလ်မှူးကြီးဇော်လင်းထွန်း

(၆) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးဝင်းတင့် **အစား** ဗိုလ်မှူးကြီးကျော်ကျော်ဦး

(၇) **ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး**
ဗိုလ်မှူးကြီးစိန်ဝင်း **အစား** ဗိုလ်မှူးကြီးကျော်မျိုးမင်းလတ်

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၇ ခုနှစ် ဧပြီလ ၄ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟားခါး နိုဝင်ဘာ ၁၂

၂၀၂၇ ခုနှစ် ဧပြီလ ၄ ရက်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက်၁၀နာရီတွင်ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်က ကြားဖြတ်ရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်း တွန်းဇီမြို့နှင့် ဖလမ်းမြို့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပါအဝင် မည်သည့်လုပ်ငန်းမဆို ကိန်းဂဏာန်းမှန်ကန်ရေးသည် အလွန်အရေးကြီးကြောင်း၊ ၂၀၂၇ ခုနှစ် ဧပြီလ ၄ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းတွင် ဥပဒေ၊ နည်းဥပဒေများအရ အကျုံးဝင်သူအားလုံး ပါဝင်နိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အလားတူ ကြားဖြတ်ရွေးကောက်ပွဲအတွက် ရန်ပုံငွေလိုအပ်မှုများကိုလည်း ကြိုတင်တွက်ချက်ရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိက ရွေးကောက်ပွဲ အကြိုကာလ ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်သတ်မှတ်ကြေညာခြင်း၊ မဲဆန္ဒနယ်မြေများ သတ်မှတ်ကြေညာခြင်း၊ မဲဝေရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး လစဉ်စိစစ်ဆောင်ရွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို စိစစ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာအသုံးစရိတ်များ ရေးဆွဲတင်ပြခြင်း၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ မဲရုံအဖွဲ့ဝင်များဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများလိုအပ်မှုအခြေအနေ၊ မဲဆန္ဒရှင်ဦးရေအလိုက် မဲရုံ



ဆောက်လုပ်မှုပုံစံ၊ မဲပေးစက်ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့ဖွဲ့စည်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ တက်ရောက်ခြင်းနှင့် ဖွင့်လှစ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်အပေါ် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မိုးဟိန်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးပေါင်ဇလန်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးကျော်ဇော်လင်းနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ အကြုံပြုဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❖ ရှေ့ဖုံးမှအဆက်

ဖြစ်ကြောင်း၊ ဧရာဝတီတံတား (သရက်-အောင်လံ)၏ အရှည်မှာ စုစုပေါင်း ၂၂၇၂ ဒသမ ၅ မီတာရှိမည်ဖြစ်ပြီး ပင်မတံတား၏အရှည်မှာ ၁၇၃၂ ဒသမ ၅ မီတာ၊ တံတားခံနိုင်ထန်မှာ ၇၅ တန်နှင့်အဆိုပါလုပ်ငန်းများကို ၂၀၂၆ ခုနှစ်အောက်တိုဘာလ ၁၅ ရက်တွင်စတင်ပြီး ၂၀၂၇ ခုနှစ်မတ်လတွင် ပြီးစီးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့နံနက် ပိုင်းက ဧရာဝတီတံတား(သရက်-အောင်ဌံ)တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တည်ဆောက်ရေးအဖွဲ့(၃) တာဝန်ရှိသူများက တံတားဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုံခြုံလည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အောင်လံမြို့နယ် ပိတောက်ကုန်းအုပ်စု ပန်းမတကျေးရွာအုပ်စု ကွင်းအမှတ် (၇၆-က) တောင်သူ ဦးထွန်းမြင့်၏ အောင်နိုင်တိုး မိုးစပါးအထွက်တိုးစံပြစိုက်ခင်း ၁ ဒသမ ၂၂ ဧကတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံတောင်သူများအား သီးနှံမျိုးစေ့များ ပံ့ပိုးပေးခဲ့သည်။

ထိုမှတစ်ဆင့် အောင်လံခရိုင် အောင်လံမြို့နယ် ဘွက်ကြီးရေပေါ်ကြိုးဝိုင်းအတွင်းရှိ လင်းအောင်မွေးမြူရေးဇုန်သို့ရောက်ရှိပြီး မွေးမြူရေးဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ မွေးမြူရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက် တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယနေ့အထိ လင်းအောင်မွေးမြူရေးဇုန်အတွင်း လုပ်ငန်းရှင် ၃၈ ဦးမှ ဥစားကြက်အကောင်ရေ ၁၁၆၁၀၀ ကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကြက်ဥ ၁၁၅၉၈၇၇၉ လုံး ထုတ်လုပ်နိုင်ခဲ့ပြီး ဒေသတွင်းစားသုံးမှုအပေါ် ၂၁ ဒသမ ၆၉ ရာခိုင်နှုန်း ဖြည့်ဆည်းပေးနိုင်ကာ ကျန်ရှိသည့် ၁၂ ဒသမ ၇၀ ဧကတွင် မြေကွက်များထပ်မံဖော်ထုတ်ခြင်းနှင့် လမ်း၊ ရေ၊ မီးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်-၂၄၊ ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခုကဲ့သို့ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် လာရောက် တွေ့ဆုံသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ဆွေးနွေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပတ်သက်ပြီး တရားဝင်လမ်းကြောင်းဖြင့်သာ နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်လိုကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ရပ်တည်မှုသည် တရားမဝင်ကုန်သွယ်မှုများအပေါ် အခွန်ကောက်ခံခြင်းနှင့် အွန်လိုင်းလိမ်လည်မှုများမှရရှိသည့် ဝင်ငွေများဖြင့် ရပ်တည်နေခြင်းဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရန် နှစ်နိုင်ငံပူးပေါင်းဖြေရှင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်ပြီး တရားမဝင်နယ်စပ်ဖြတ်ကျော်လာသည့်ကိစ္စရပ်များကိုလည်း ထိုင်းနိုင်ငံအနေဖြင့် ပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုကိစ္စများအတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို တရားဝင်လမ်းကြောင်းဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံအား ငြိမ်းချမ်းပြီး ပိုမိုတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်တွေ့မြင်လိုကြောင်း၊ အွန်လိုင်းလိမ်လည်မှုသည် တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် ကိစ္စဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရှာဖွေရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်ဖက်သိရှိလိုသည်များကိုအပြန်အလှန် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ မြဝတီ

မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းခုတ်နှင့် မိုင်းတွမ်းမြို့နယ်များရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းခုတ်နှင့် မိုင်းတွမ်းမြို့နယ်များရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာအတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အဝီး ၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

အာကာသကိုလွှမ်းမိုးနိုင်တော့မည့် မြန်မာလူငယ်များ

ဘုန်းမောင်ဝင်း(ဗျာပုံ)

ကျွန်တော်တို့ငယ်စဉ်က လကမ္ဘာသို့လူရောက်ရှိခြင်းသတင်းကိုကြားသိခဲ့ကြသည်။ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်ခဲ့ကြသည်။ ယခုကဲ့သို့ အင်တာနက်မပေါ်သေးသဖြင့် ရေဒီယိုမှထုတ်လွှင့်သောသတင်းမျှကိုသာ ကြားရသောအချိန် အခါဖြစ်သည်။ ထိုမှတစ်ဆင့် အဖြူအမည်းရုပ်မြင်သံကြားပေါ်လာသည်။ နောက်တဖြည်းဖြည်းချင်း ရောင်စုံရုပ်မြင်သံကြားပေါ်လာသည်။ ထိုအခါ လကမ္ဘာသို့လူသားတွေ အမှန်တကယ်ရောက်ရှိနေကြောင်းကို ယုံကြည်စွာတွေ့မြင်ကြရသည်။

ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ(ယခုရုရှား ဖက်ဒရေးရှင်းနိုင်ငံ)သည်၁၉၅၇ ခုနှစ်အောက်တိုဘာလ ၄ ရက်နေ့တွင် Sputnik 1 ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ ပထမဆုံးအောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်းဖြင့် အာကာသခေတ်ကိုစတင်ခဲ့သည်။ Sputnik 1 အောင်မြင်မှုကြောင့် ဆိုဗီယက်နှင့် အမေရိကန်တို့ကြားတွင်အာကာသနည်းပညာဆိုင်ရာပြိုင်ဆိုင်မှုစတင်ဖြစ်ပေါ်လာခဲ့သည်။ အမေရိကန်နိုင်ငံသည် ၁၉၅၈ ခုနှစ်တွင် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့(National Aeronautics and Space Administration– NASA) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

မှတ်တိုင်များဖြစ်သည်။

ဤသည်မှာအလွန်အားကျဖွယ်ကောင်းလှသော လကမ္ဘာသို့လူသားတို့ခြေချခြင်းသို့မဟုတ်အာကာသကို လူသားတို့လွှမ်းမိုးခြင်းဖြစ်သည်။ စာရေးသူတို့ငယ်စဉ်ကပင် မိမိတို့မြန်မာနိုင်ငံကလူသားများအနေဖြင့် ယခုလို အာကာသကိုစိုးမိုးစေချင်သည့်ဆန္ဒပြင်းပြခဲ့သည်။ အမေရိကန်၏အပိုလို ၁၁ စီမံကိန်းအောင်မြင်မှုကို ရုပ်ရှင်ဇာတ်လမ်းများတွင်မြင်တွေ့ရသဖြင့်အားကျခဲ့မိသည်။ ရုရှားနှင့်အမေရိကန်တို့၏ အောင်မြင်မှုများကိုအားကျမိကာ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မြန်မာနိုင်ငံသည်လည်း အာကာသကို ပိုင်စိုးနိုင်ရင်ဘယ်လောက်ကောင်းလိမ့်မလဲဟူသော စိတ်ကူးယဉ်အိပ်မက်မက်ခဲ့ဖူးပါသည်။

ယနေ့သော်မြန်မာတို့၏အိပ်မက်များသည်မကြာမီတွင် လက်တွေ့အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်ကိုထင်ရှားစွာသိမြင်ရသောသတင်းများကို ဖော်ပြရလျှင် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ဖြစ်သည်။ ထိုနေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီ (MSA)က ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများအပ်နှံခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားကျင်းပခဲ့သည်။

❖ ယခုကဲ့သို့ မြန်မာအာကာသအေဂျင်စီဖွဲ့စည်းနိုင်မှုနှင့်လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးနေမှုများသည် နိုင်ငံတော်အတွက် အိပ်မက်တစ်ခုကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံတိုင်းအနေဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်နည်းပညာဆိုင်ရာ တိုးတက်မြင့်မားစေရေးအတွက် အိပ်မက်များ၊ ရည်မှန်းချက်များကိုယ်စီရှိကြ . . .

❖ အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်ရေးသာမက အာကာသယာဉ်မှူးများကိုလည်း စေလွှတ်နိုင်ရန်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကိုပိုမိုမြင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် ရရှိလာမည့် အသိပညာ၊ နည်းပညာနှင့် အချက်အလက်များသည်လည်း နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ် . . .

ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂဂါရင်သည် ၁၉၆၁ ခုနှစ်တွင် Vostok 1 အာကာသယာဉ်ဖြင့် ကမ္ဘာကိုတစ်ပတ်ပတ်၍ အာကာသထဲသို့ပထမဆုံးရောက်ရှိသူ လူသားဖြစ်ခဲ့သည်။ အမေရိကန်ကလည်း NASA ၏ အပိုလို ၁၁ စီမံကိန်းဖြင့် ၁၉၆၉ ခုနှစ်တွင် အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်း၊ ဘတ်ဇ်အယ်လ်ဒရင်တို့သည်လကမ္ဘာပေါ်သို့အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြသည်။ ၁၉၈၁ ခုနှစ်မှစတင်၍ NASA ၏ အာကာသလွန်းပြန်ယာဉ်စီမံကိန်းများ၊ ၁၉၉၈ ခုနှစ်တွင် နိုင်ငံပေါင်းများစွာ ပူးပေါင်းပါဝင်တည်ဆောက်ထားသော နိုင်ငံတကာအာကာသစခန်း(ISS)၊ စကြဝဠာ၏ကြယ်များ၊ နဂါးငွေ့တန်းများနှင့်အခြားသော ကောင်းကင်ဆိုင်ရာဖြစ်စဉ်များကို လေ့လာဖော်ထုတ်ပေးနိုင်သည့် Hubble အာကာသမှန်ပြောင်း၊ အင်္ဂါဂြိုဟ်မျက်နှာပြင်ကို အောင်မြင်စွာဆင်းသက်ကာ စူးစမ်းလေ့လာသည့် Mars Pathfinder စီမံကိန်းနှင့်၎င်း၏ Sojourner စက်ရုပ်ယာဉ် စသည်တို့မှာ လူသားတို့၏ အာကာသနည်းပညာ စူးစမ်းလေ့လာရေး သမိုင်း

မြန်မာအာကာသအေဂျင်စီမှ အောင်မြင်စွာ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် MAH–1 ဂြိုဟ်တုစီမံထိန်းချုပ်ရေးစခန်းဆိုင်ရာများ၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ Earth Remote Sensing (ERS) Application Platform အား စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံချက်များ၊ ပဲခူးမြို့နယ်၏သဘာဝပတ်ဝန်းကျင်နှင့်ဒေသဖွံ့ဖြိုးရေးအခြေအနေများအား Earth Remote Sensing နည်းပညာဖြင့် လေ့လာသုံးသပ်တင်ပြချက်များ၊ ဂြိုဟ်တုအခြေပြု ရှာဖွေကယ်ဆယ်ရေးစနစ်ဆိုင်ရာများ၊ အာကာသနည်းပညာတွင် AI အသုံးပြုမှုများ၊ မြန်မာအာကာသအေဂျင်စီမှ သုတေသနလုပ်ငန်းများတွင် AI ၏ အခန်းကဏ္ဍများ၊ ADVANCED ROBOTIC SYSTEM၊ မြန်မာအာကာသအေဂျင်စီနှင့်ဘယ်လာရုစ်နိုင်ငံစာကြည့်တိုက်အကြား E–Library အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ Library အတွင်း အာကာသသိပ္ပံနည်းပညာဆိုင်ရာ၊ ကွန်ပျူတာနှင့်အင်ဂျင်နီယာနည်းပညာဆိုင်ရာ၊ သင်္ချာနှင့်ရူပဗေဒဆိုင်ရာတို့အပါအဝင် သုတရသစာအုပ်စာစောင်များဖြည့်သွင်းထားရှိမှု၊ အာကာသအတွင်း နက်ရှိုင်းစွာ လေ့လာမှုပြခန်းအတွင်းရှိ မြန်မာအာကာသအေဂျင်စီမှ နေအာရုံခံကိရိယာအား အောင်မြင်စွာဒီဇိုင်းရေးဆွဲတည်ဆောက်နိုင်မှု၊ အာကာသအတွင်း တပ်ဆင်အသုံးပြုသည့် ဆိုလာစနစ်၊ ဂြိုဟ်တုရွှေ့လျားထိန်းချုပ်မှုစနစ်၊ အီလက်ထရွန်နစ်ဆိုင်ရာအလုပ်ရုံ၊ အာကာသရာသီဥတုစူးစမ်းလေ့လာခြင်း၊ အာကာသအခြေအနေစောင့်ကြည့်လေ့လာခြင်း၊ ပြင်ပအာကာသထောက်လှမ်းရေးစနစ်၊ ကမ္ဘာ့အနီးအာကာသအန္တရာယ်အလိုအလျောက်ကြိုတင်သတိပေးစနစ်၊ လကမ္ဘာ၏အဖိုးတန်သတ္တုများနှင့် သယံဇာတများ၊ မြန်မာအာကာသအေဂျင်စီမှ လကမ္ဘာပတ်လမ်းရှုစမ်းလေ့လာရေးဆောင်ရွက်ထားရှိမှု၊ အင်္ဂါဂြိုဟ်တွင်ပျံသန်းနိုင်သောအင်းဆက်အခြေခံတောင်ပံခတ်လေယာဉ်ငယ်ဒီဇိုင်းအား သုတေသနပြုတည်ဆောက်ခြင်း၊ လဆင်းယာဉ်များအတွက် AI အခြေပြုအလိုအလျောက်ဆင်းသက်ခြင်း နည်းပညာစမ်းသပ်ဆောင်ရွက်ထားရှိမှုပြခန်းများကိုမြင်တွေ့ရသည်။

ယခုကဲ့သို့မြန်မာအာကာသအေဂျင်စီဖွဲ့စည်းနိုင်မှုနှင့် လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးနေမှုများသည် နိုင်ငံတော်အတွက် အိပ်မက်တစ်ခုကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံတိုင်းအနေဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဆိုင်ရာ တိုးတက်မြင့်မားစေရေးအတွက် အိပ်မက်များ၊ ရည်မှန်းချက်များကိုယ်စီရှိကြသည်။ သို့သော်လည်း အဆိုပါရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရသည်မှာလွယ်ကူသည့် လုပ်ငန်းရပ်တစ်ခုမဟုတ်ပေ။ မြန်မာနိုင်ငံအနေဖြင့် အာကာသနည်းပညာနှင့်ပတ်သက်၍ ယခင်ကတည်းကပင် စိတ်ဝင်တစားဖြင့် ဆောင်ရွက်ခဲ့ကြသည်။ လူသားအရင်းအမြစ်များလည်းကြိုတင်မွေးထုတ်လေ့ကျင့်ပေးပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းထားရှိပြီး အာကာသနည်းပညာ၊ ဂြိုဟ်တုနည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာနှင့်ဆွေးနွေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်တွင် မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency–MSA) ကို စတင်ဖွဲ့စည်းခဲ့ပြီး စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့အတွက် ဂြိုဟ်တုဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းလေ့လာရေးနှင့် အသုံးချရေးနယ်ပယ်တွင် ရုရှားနိုင်ငံ၏ Roscosmos အပါအဝင် နိုင်ငံတကာအာကာသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် အာကာသပြတိုက်(ရန်ကုန်)ကို ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရန်

“ မြန်မာနိုင်ငံသည် မိတ်ဆွေရင်းနိုင်ငံများရှိနေသည့်အတွက် အာကာသဆိုင်ရာနည်းပညာများကိုလေ့လာသင်ယူနိုင်သောအခွင့်အရေးရှိလာသည်။ အာကာသနှင့်သက်ဆိုင်သည့် နည်းပညာရပ်များသင်ကြားနိုင်ရန်အတွက် ပြည်ပသို့ပညာတော်သင်များကိုစေလွှတ်ခြင်း၊ ထို့ပြင် အာကာသနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်း ဘက်ပေါင်းစုံမှအားပေးဆောင်ရွက်ခြင်းတို့ကြောင့် လက်ရှိအခြေအနေတွင် မြန်မာအာကာသအေဂျင်စီကို စနစ်တကျဖွဲ့စည်း၍ လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အခြေအနေသို့ရောက်ရှိလာခြင်းဖြစ် . . . ”

ရေးစနစ်၊ ကမ္ဘာ့အနီးအာကာသအန္တရာယ်အလိုအလျောက်ကြိုတင်သတိပေးစနစ်၊ လကမ္ဘာ၏အဖိုးတန်သတ္တုများနှင့် သယံဇာတများ၊ မြန်မာအာကာသအေဂျင်စီမှ လကမ္ဘာပတ်လမ်းရှုစမ်းလေ့လာရေးဆောင်ရွက်ထားရှိမှု၊ အင်္ဂါဂြိုဟ်တွင်ပျံသန်းနိုင်သောအင်းဆက်အခြေခံတောင်ပံခတ်လေယာဉ်ငယ်ဒီဇိုင်းအား သုတေသနပြုတည်ဆောက်ခြင်း၊ လဆင်းယာဉ်များအတွက် AI အခြေပြုအလိုအလျောက်ဆင်းသက်ခြင်း နည်းပညာစမ်းသပ်ဆောင်ရွက်ထားရှိမှုပြခန်းများကိုမြင်တွေ့ရသည်။

ယခုကဲ့သို့မြန်မာအာကာသအေဂျင်စီဖွဲ့စည်းနိုင်မှုနှင့် လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးနေမှုများသည် နိုင်ငံတော်အတွက် အိပ်မက်တစ်ခုကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်။ နိုင်ငံတိုင်းအနေဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဆိုင်ရာ တိုးတက်မြင့်မားစေရေးအတွက် အိပ်မက်များ၊ ရည်မှန်းချက်များကိုယ်စီရှိကြသည်။ သို့သော်လည်း အဆိုပါရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရသည်မှာလွယ်ကူသည့် လုပ်ငန်းရပ်တစ်ခုမဟုတ်ပေ။ မြန်မာနိုင်ငံအနေဖြင့် အာကာသနည်းပညာနှင့်ပတ်သက်၍ ယခင်ကတည်းကပင် စိတ်ဝင်တစားဖြင့် ဆောင်ရွက်ခဲ့ကြသည်။ လူသားအရင်းအမြစ်များလည်းကြိုတင်မွေးထုတ်လေ့ကျင့်ပေးပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် အာကာသသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းထားရှိပြီး အာကာသနည်းပညာ၊ ဂြိုဟ်တုနည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာနှင့်ဆွေးနွေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်တွင် မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency–MSA) ကို စတင်ဖွဲ့စည်းခဲ့ပြီး စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့အတွက် ဂြိုဟ်တုဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းလေ့လာရေးနှင့် အသုံးချရေးနယ်ပယ်တွင် ရုရှားနိုင်ငံ၏ Roscosmos အပါအဝင် နိုင်ငံတကာအာကာသအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် အာကာသပြတိုက်(ရန်ကုန်)ကို ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရန် ပဏာမရွေးချယ်ထားသည့် အာကာသယာဉ်မှူးလောင်းများကို လေ့ကျင့်ပျိုးထောင်ခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် 3D မြေပုံအချက်အလက်များဖန်တီးခြင်းနှင့် အာကာသဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကိုလုပ်ဆောင်လျက်ရှိသည်။

ယခုတစ်ဖန် နိုဝင်ဘာလ ၁၀ ရက်တွင် အခြေခံပညာအဆင့် အာကာသဆိုင်ရာပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန–၁(MICC–1) ၌ကျင်းပသည်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ အာကာသနည်းပညာဆိုင်ရာပြခန်းများဖြစ်သည့် အာကာသနှင့် AI နည်းပညာသုံးစိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍာ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့်သင်္ချာပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသစူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသော အာကာသစူးစမ်းလေ့လာရေးသုတေသနပြခန်းတို့ကိုပြသထားသည်။

အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့ကကြီးမှူးု၍ အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကိုစိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများဖော်ထုတ်ပြသနိုင်ရန်

စာမျက်နှာ ၁၄ သို့ ➧

❍ **ကျောဖုံးမှအဆက်**

ဦးစွာဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် အမျိုးသမီးရေးရာဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျင်းပသည့် ပထမဆုံး ဦးဆောင်ကော်မတီ အစည်းအဝေးဖြစ်ပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းကို အားလုံးက ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်နိုင်ရန်အတွက် အရေးပါသည့်အစပြုခြင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းကော်မတီ အသီးသီး၏ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဦးစားပေးအစီအစဉ်များနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မည့်နည်းလမ်းများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မည့်ရှေ့လုပ်ငန်းစဉ်များ ချမှတ်သွားကြရန်ဖြစ်ကြောင်း။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းသည် အမျိုးသမီးများ၏ အခွင့်အရေး၊ အခွင့်အလမ်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကဏ္ဍစုံမှ စနစ်တကျမြှင့်တင်နိုင်ရန်ရည်ရွယ်ထားသည့် အရေးပါသော မူဝါဒနှင့်လုပ်ငန်းလမ်းညွှန်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများအတွက် တန်းတူအခွင့်အလမ်းရရှိရေး၊ ခွဲခြားဆက်ဆံမှုလျော့နည်းပပျောက်ရေး၊ ဘေးကင်းလုံခြုံရေး၊ အရည်အသွေးရှိသည့် ဝန်ဆောင်မှုများလက်လှမ်းမီရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရေးတို့ကိုအခြေခံပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအချက် ၅ ချက်ကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ ပထမအချက်အနေဖြင့် လုပ်ငန်းနယ်ပယ် (၁၂) ရပ်အတွက် တာဝန်ခံဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်းများအကြား လုပ်ငန်းညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် အမျိုးသမီးများ၏ လက် တွေ့လိုအပ် ချက် များကို အခြေခံပြီး မြို့ပြ၊ ကျေးလက်နှင့် ဒေသအလိုက် ဦးစားပေးလုပ်ငန်းများကို သတ်မှတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုများကို ရလဒ်ရရှိရေးအပေါ် အခြေခံပြီး စနစ်တကျ ချိတ်ဆက်အသုံးချကြရန်ဖြစ်ကြောင်း၊ စတုတ္ထအချက်အနေဖြင့် အမျိုးသမီးများနှင့်မိန်းကလေးငယ်များကို မိမိတို့၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သူများအဖြစ် အသိအမှတ်ပြုပြီး တက်ကြွစွာပါဝင်လာနိုင်ရေး အားပေးမြှင့်တင်ကြရန်ဖြစ်ကြောင်း၊ ပဉ္စမအချက်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ပုံမှန်စောင့်ကြည့်အကဲဖြတ်ပြီး တွေ့ရှိချက်များအပေါ်မူတည်ကာ လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးမှတစ်ဆင့် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်များကို လက်တွေ့အကျိုးရလဒ်များအဖြစ် ပြောင်းလဲနိုင်ရေး၊ အမျိုးသမီးများနှင့်မိန်းကလေးငယ်များ၏ ဘဝအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာရေးနှင့် ၎င်းတို့၏ အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်များကို အပြည့်အဝဖော်ထုတ်အသုံးချနိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက် တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင်ပြုလုပ်ခဲ့သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း–NSPAW (၂၀၂၃–၂၀၃၂) အကောင်အထည်ဖော်ဆောင်ရွက်မှုသုံးသပ်ခြင်း အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ဘဏ္ဍာရေးနှစ်များအလိုက်လုပ်ငန်းနယ်ပယ် (၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှု၊ အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များ၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ရန်နှင့် အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ကော်မတီအတွင်းရေးမှူး အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က ဦးဆောင်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များကို တင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **မြဝတီ**

❍ **စာမျက်နှာ ၁၃ မှအဆက်**

ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ ပြိုင်ပွဲများကို အခြေခံပညာမူလတန်းအဆင့်၌ "အာကာသအိပ်မက်" ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၀ ရက်တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ "လူသားနှင့် အနာဂတ်အာကာသ" ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၁ ရက်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၌ "အသုံးချလေ့လာ အာကာသနည်းပညာ" ခေါင်းစဉ်ဖြင့် နိုဝင်ဘာလ ၁၂ ရက်တွင်လည်းကောင်း အသီးသီးကျင်းပခဲ့ပြီး နိုဝင်ဘာလ ၁၃ ရက်တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးသည် ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။ နိုင်ငံတော်သမ္မတကြီးက **"မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက်လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရန်နှင့် အကျိုးရှိအောင်အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့်သီးနှံအခြေအနေကိုသိရှိပြီး အချိန်မီစီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတွင်းရှိရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိအသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ အာကာသနှင့်ပတ်သက်သည့်ပြပွဲများ၊ ပြိုင်ပွဲများကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့်ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ်လူငယ်မောင်မယ်များသိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှုမြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** လမ်းညွှန်မှာကြားခဲ့သည်။

ယနေ့ ၂၁ ရာစုခေတ်တွင်အာကာသစီမံကိန်းများကို အစိုးရအဖွဲ့အစည်းများသာမက ပုဂ္ဂလိကကုမ္ပဏီများပါပါဝင်အကောင်အထည်ဖော်လာကြသည်။ Space X က အကောင်အထည်ဖော်သည့် Falcon 9 ဒုံးပျံ၏ ပထမအဆင့်ကို ကမ္ဘာမြေပေါ်သို့ပြန်လည်ဆင်းသက်စေပြီး အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်ရန်တီထွင်ခဲ့သည်။ မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုပေးအပ်နိုင်ရန်အတွက် ကမ္ဘာပတ်လမ်းကြောင်းနိမ့် Starlink ဂြိုဟ်တုများလွှတ်တင်ခဲ့သည်။ NASA ၏ Artemis စီမံကိန်းအရ Artemis II ယာဉ်ဖြင့် အာကာသယာဉ်မှူး လေးဦးသည် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ် လကမ္ဘာကိုပတ်၍ အောင်မြင်စွာ ပျံသန်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် မိတ်ဆွေရင်းနှီးနိုင်ငံများရှိနေသည့် အတွက် အာကာသဆိုင်ရာနည်းပညာများကို လေ့လာသင်ယူနိုင်သောအခွင့်အရေးရှိလာသည်။ အာကာသနှင့်သက်ဆိုင်သည့် နည်းပညာရပ်များ သင်ကြားနိုင်ရန်အတွက် ပြည်ပသို့ပညာတော်သင်များကို စေလွှတ်ခြင်း၊ ထို့ပြင် အာကာသနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်း ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်ခြင်းတို့ကြောင့် လက်ရှိအခြေအနေတွင် မြန်မာအာကာသအေဂျင်စီကို စနစ်တကျဖွဲ့စည်း၍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အခြေအနေသို့ရောက်ရှိလာခြင်းဖြစ်သည်။

အာကာသနည်းပညာများတိုးတက်လာခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ နိုင်ငံတော်၏ ရေရှည်အကျိုးကိုကြည့်၍ မြန်မာနိုင်ငံ၏အာကာသနည်းပညာမြင့်မားတိုးတက်လာစေရန် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပံ့ပိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် အောင်မြင်မှုများရရှိခြင်းဖြစ်သည်။ အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်ရေးသာမက အာကာသယာဉ်မှူးများကိုလည်း စေလွှတ်နိုင်ရန်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကိုပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် ရရှိလာမည့် အသိပညာ၊ နည်းပညာနှင့် အချက်အလက်များသည်လည်း နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်သည်။ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို အောင်မြင်အောင် စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကိုလည်း နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ်မွေးထုတ်ပေးရမည်ဖြစ်သည်။ အာကာသဗဟုသုတနှင့် နည်းပညာဆိုင်ရာပြိုင်ပွဲများ၊ ပြပွဲများကျင်းပပြုလုပ်ပေးခြင်း၊ အာကာသပြတိုက်အား ခေတ်နှင့်အညီ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်ခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှုမြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်သည့် ပြည်ပနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များရောက်ရှိစဉ် သိပ္ပံနည်းပညာရပ်များဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အာကာသနည်းပညာသည် ကမ္ဘာ့စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပေါ်ပေါက်လာနေသည့်အတွက် ကမ္ဘာ့နိုင်ငံများသည် အာကာသနည်းပညာကို ဦးစားပေးလုပ်ကိုင်လာကြသည်။ ဥပမာ- ဂျပန်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ဂြိုဟ်တုဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဂြိုဟ်တုဒေတာများကို ကုန်သွယ်ရေးအတွက် အသုံးချခွင့်ပြုခဲ့သည်။ ဥရောပသမဂ္ဂသည်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၁ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများအများဆုံးအခြေချလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးလျက်ရှိသည့် တရားမဝင် ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၁ လုံး ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ထပ်မံ၍ ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံဖိုလုံးအား ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ နှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၇ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု နေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ဖြိုဖျက်ပြီးစီးမှု



မော်တော်ယာဉ်/ဆိုင်ကယ် ယာဉ်သက်သေခံလက်မှတ်နှင့်နံပါတ်ပြားအတုများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၂

နိုဝင်ဘာလ ၁၀ ရက်တွင် ပြည်မြို့ ပြည်သာယာရပ်ကွက်ဆေးရုံသစ်လမ်းနေ အောင်သက်ဦး (၄၃) နှစ်၏ နေအိမ်၌ မော်တော်ယာဉ်/ဆိုင်ကယ်နံပါတ်ပြားများနှင့် ယာဉ်သက်သေခံလက်မှတ်များ အတုပြုလုပ်လိမ်လည်ရောင်းချနေကြောင်း သတင်းအရသွားရောက်စစ်ဆေးရှာဖွေရာ လှိုင်လှိုင်ထွန်းရွှေ



တရားခံ အောင်သက်ဦး



တရားခံ ထက်ထက်မင်း



တရားခံ လှိုင်လှိုင်ထွန်းရွှေ (ခ)ပူတူး



တရားခံ အိအိကေခိုင် (ခ) မအို



သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

(ခ) ပူတူး(၄၄)နှစ်နှင့်အိအိကေခိုင် (ခ)မအို(၄၆) နှစ်တို့ နှစ်ဦးအား နေအိမ်၌ အသင့်တွေ့ရှိပြီး နေအိမ်အနောက်ဘက်ရှိစတိုခန်းအတွင်းမှ RLG မော်တော်ယာဉ်နံပါတ်ပြား ၁၄ ပြား၊ မော်တော်ယာဉ်နံပါတ်ပြားအလွတ်တစ်ပြား၊ ဆိုင်ကယ်နံပါတ်ပြား ရှစ်ပြား၊ ဆိုင်ကယ်နံပါတ်ပြားအလွတ်၁၇ ပြား၊ မော်တော်ယာဉ်/ဆိုင်ကယ်နံပါတ်ပြားအတု ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၂၆ မျိုးကိုလည်းကောင်း၊ အောင်သက်ဦး၏ အိပ်ခန်းအတွင်းမှ လက်ပ်တော့်နှစ်လုံး၊ မော်နီတာတစ်လုံး၊ UPS တစ်လုံး၊ Computer System Box တစ်လုံး၊ ပလတ်စတစ်ကတ်လောင်းစက်နှစ်လုံး၊ ကာလာပရင်တာလေးလုံး၊ Canon ပရင်တာတစ်လုံး၊ မိတ္တူကူးစက်အသေးတစ်လုံး၊ ယာဉ်မှတ်ပုံတင်စာအုပ် ၃၀၊ ယာဉ်သက်သေခံလက်မှတ် ၁၀ ခု၊ ဆိုင်ကယ်မှတ်ပုံတင်စာအုပ် ၁၀ အုပ်၊ ဆိုင်ကယ်သက်သေခံလက်မှတ် ၁၀ ခု၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ဆက်စပ်ပစ္စည်း ၃၁ မျိုး၊ ၁၀ ကျပ်သားခန့်ရှိ ရွှေတုံးတစ်တုံး၊ ရွှေဆွဲကြိုးနှစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ မီးခံသေတ္တာအတွင်းမှငွေစက္ကူရောရာ ကျပ်သိန်း ၂၅၀ တို့ကိုလည်းကောင်း၊ နေအိမ်ခြံဝင်းအတွင်း၌ MDY-20 1Q/5252 HONDA Fit အဖြူရောင်ယာဉ်တစ်စီး၊ ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထပ်မံ၍ နိုဝင်ဘာလ ၁၁ ရက်တွင် ပူးပေါင်းအဖွဲ့၏ ချိတ်ဆက်ဆောင်ရွက်မှုအရ အောင်သက်ဦးနှင့်ဇနီးဖြစ်သူ ထက်ထက်မင်းတို့နှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပါရမီလမ်းရှိ ပါရမီအထူးကုဆေးခန်း၌ လက်ကိုင်ဖုန်းနှစ်လုံး၊ ယာဉ်အမှတ် YGN-10/7R- 6615၊ SUZUKI ERTIGA (အဖြူရောင်)ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီး ရမိခဲ့ပြီး ၎င်းတို့လေးဦးကို အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

မြဝတီ

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်သော ရာသီဥတု အကျိုးသက်ရောက်မှုများ



မိုးရွာသွန်းမှု ကာလ မမှန်ခြင်း၊ မိုးရွာသွန်းမှုပုံစံ မမှန်ကန်ခြင်း



မုန်တိုင်း ဖြစ်ပေါ်မှုများ မှုမမှန်ခြင်း



အခြားအစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ခြင်း

■ ကျော်ဖုံးမှအဆက်

ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိရောက်ပြတ်သားစွာဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့တရားဝင်ထိရောက်၍ဖြစ်စေ၊တရားမဝင်နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ ဝင်ရောက်လာကြပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေကြသည့် ပြည်ပနိုင်ငံခြားသားအများအပြားကို ရှုမ်းပြည်နယ် နယ်စပ်ဒေသအသီးသီး၌ ၎င်းတို့အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါပြည်ပနိုင်ငံသားများတွင် တရုတ်နိုင်ငံသားများ အများဆုံးပါဝင်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အတွင်း ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၇၅၉ ဦးအနက် ၅၀၂ ဦးသည် တရုတ်နိုင်ငံသားများဖြစ်ကြပြီး သိမ်းဆည်းရမိခဲ့သည့် ကွန်ပျူတာနှင့် ဖုန်းများအတွင်း တွေ့ရှိချက်များနှင့် ၎င်းတို့အား စိစစ်မှုများအရ ၎င်းတို့၏တရုတ်နိုင်ငံသားအချင်းချင်းကိုသာ အဓိကပစ်မှတ်ထားပြီး အင်တာနက်၊ လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးနည်းပညာများကိုအသုံးချ၍ လူတစ်ဦးချင်းစီ၏ယုံကြည်မှု၊ စိတ်ခံစားမှုနှင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်မျှော်လင့်ချက်များကို အခွင့်ကောင်းယူကာ ငွေကြေးလိမ်လည်ခြင်းများလုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ကျူးလွန်လုပ်ဆောင်ရာတွင်လည်း တရုတ်နိုင်ငံသားများသာအဓိကအသုံးပြုသည့် မိတ်ဆွေဖွဲ့ Application နှင့် Chat Application များဖြစ်သည့် Safe Wi QQ၊ Yuanbao၊ Dou Yu၊ Feishu၊ Safe Xi Wechat၊ Litmatch နှင့် Telegram စသည့် Application များကို အသုံးပြုလေ့ရှိကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများအား စိစစ်ချက်များအရ ပစ်မှတ်ရွေးချယ်ခြင်းအပိုင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်းအပိုင်းတွင် ၎င်းတို့သည် အသိပညာနည်းပါးသူ၊ နည်းပညာအားနည်းသူနှင့် လောဘစိတ်ရှိသူများကို အဓိကပစ်မှတ်ထားရှာဖွေလေ့ရှိကြောင်း၊ ပစ်မှတ်များအား ရွေးချယ်ပြီးနောက် ချဉ်းကပ်ရမည့်ပုံစံနှင့် လိမ်လည်ရမည့်ပုံစံအားချမှတ်နိုင်ရန် ပစ်မှတ်၏ အသက်အရွယ်၊ ဝါသနာ၊ အလုပ်အကိုင်တို့အပေါ်မူတည်၍ ခွဲခြားသတ်မှတ်ပြီး ပစ်မှတ်ထားခံရသူများ၏ယုံကြည်မှုကိုရရှိစေရန်နှင့် ရင်းနှီးသောဆက်ဆံရေးတစ်ရပ်တည်ဆောက်နိုင်ရန် ကြိုးပမ်းကြကြောင်း၊ ပစ်မှတ်၏လူမှုအဆင့်အတန်း၊ အလုပ်အကိုင်၊ ဝါသနာနှင့် စိတ်ဝင်စားမှုများအပေါ်မူတည်၍ ငွေးတို့၏ အယောင်ဆောင်ပုံစံကို သတ်မှတ်ကြကြောင်း၊ စစ်ဘက်၊ ရဲဘက် ဆိုင်ရာ ရာထူးအာဏာရှိသူများ၊ လုပ်ပိုင်ခွင့်ရရှိသူ အစိုးရဝန်ထမ်းများ၊ ငွေကြေးချမ်းသာကြွယ်ဝသည့် ကုမ္ပဏီပိုင်ရှင်နှင့်စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာတတ်လူတန်းစားများ၊ နည်းပညာကျွမ်းကျင်သူများ၊ ရုပ်ရည်ချောမောလှပသူများ စသည်ဖြင့် အယောင်ဆောင်ကြကြောင်း၊ လိမ်လည်မည့်ဇာတ်ကောင်အပေါ်မူတည်၍ လိုအပ်သည့် ဓာတ်ပုံများ၊ အထောက်အထားစာရွက်စာတမ်းများ၊ လူနေမှုဘဝပုံစံများကို သဘာဝကျအောင် ကြိုတင်ဖန်တီးထားကြောင်း သိရှိရသည်။

ယင်းနောက်ကြိုတင်ဖန်တီးထားသည့် ဓာတ်ကောင်၏လုပ်ငန်းခွင်နှင့် သက်ဆိုင်သည့် အကြောင်းအရာများနှင့်အတွေ့အကြုံများအားပြောပြခြင်းဖြင့် တဖြည်းဖြည်းခင်မင်မှုနှင့် ယုံကြည်မှုရရှိအောင် ချဉ်းကပ်ကြပြီး တစ်ချိန်တည်းတွင် ပစ်မှတ်၏ ဝါသနာ၊ စိတ်ပါဝင်စားမှုနှင့်ဘဝဓာတ်ကြောင်းများကိုလည်း မေးမြန်းကာ ပစ်မှတ်အကြောင်း ပိုမိုနားလည်သိရှိအောင်ဆောင်ရွက်၍ စိတ်တူကိုယ်တူရှိသူများအဖြစ် ဟန်ဆောင်လျက် ရင်းနှီးမှုနှင့်ယုံကြည်မှုရရှိအောင် တည်ဆောက်ကြကြောင်း သိရှိရသည်။

ဆက်လက်၍ လိမ်လည်မှုနည်းလမ်းများ ပြုလုပ်ခြင်းအနေဖြင့် လည်း ပစ်မှတ်ထားခံရသူများနှင့် ယုံကြည်မှုတည်ဆောက်ပြီး ၎င်းတို့၏ အသက်အရွယ်၊ လူမှုအဆင့်အတန်း၊ စိတ်ခံစားမှုနှင့်လိုအင်ဆန္ဒများအပေါ်မူတည်၍ လိမ်လည်မှုပြုလုပ်မည့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုကြကြောင်း၊ ပစ်မှတ်သည် အသက်ငယ်ရွယ်သူဖြစ်ပါက ရုပ်ရည်ချောမောလှပသော ဆန့်ကျင်ဘက်လိင်အဖြစ် သရုပ်ဆောင်ချဉ်းကပ်ပြီး အသက် အရွယ် ကြီးသူဖြစ်ပါက အထင်ကြီးလေးစားမှုရရှိစေရန် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်အဖြစ် အယောင်ဆောင်၍ ယုံကြည်မှုရရှိအောင် ပြုလုပ်ကြကြောင်း၊ အသက်ငယ်ရွယ်သည့် ပစ်မှတ်ဖြစ်ပါက နေ့စဉ်အဆက်အသွယ်ပြုလုပ်ခြင်း၊ ဂရုစိုက်ကြင်နာသည့် စကားများပြောဆိုခြင်းတို့ဖြင့် ချစ်သူရည်းစားသဖွယ် ဆက်ဆံရေး




လိမ်လည်သူများအသုံးပြုရန်အတွက် လိမ်လည်မည့်ဇာတ်ကောင်နှင့်ကိုက်ညီသည့် ဓာတ်ပုံအထောက်အထားများ ကြိုတင်စုဆောင်းထားမှု မှတ်တမ်းဓာတ်ပုံများ။



လိမ်လည်ရာတွင်အသုံးပြုရန် ပြင်ဆင်ထားသည့်ရွှေတုံးဓာတ်ပုံများ။



လိမ်လည်ရာတွင်အသုံးပြုရန် ပြင်ဆင်ထားသည့် တရုတ်ယွမ်ငွေဓာတ်ပုံများ။



လိမ်လည်သူများအသုံးပြုမည့် ငွေကြေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရသည့် Application တွင် တခြားသူများလည်း အသုံးပြုလျက်ရှိကြောင်း အဖွဲ့လိုက်ရိုက်ကူးထားသည့်ဓာတ်ပုံ။




လိမ်လည်သူများအသုံးပြုမည့် ရရှိသည့်အကျိုးအမြတ်ဖြင့် ပြည်သူလူထုအား ထောက်ပံ့ကူညီလျက်ရှိကြောင်း ရိုက်ကူးထားသည့်ဓာတ်ပုံ။





လိမ်လည်သူများအသုံးပြုရန်အတွက် လိမ်လည်မည့်ဇာတ်ကောင်နှင့်ကိုက်ညီသည့် ဓာတ်ပုံအထောက်အထားများ ကြိုတင်စုဆောင်းထားမှု မှတ်တမ်းဓာတ်ပုံများ။





လိမ်လည်သူများအသုံးပြုမည့် တရုတ်နိုင်ငံ စစ်ဘက်နှင့်ရဲဘက်မှ အရာရှိများအဖြစ် အယောင်ဆောင်ရန်ပြင်ဆင်ထားသည့်ကတ်များ။



ပစ်မှတ်၏အထင်ကြီးလေးစားမှုရရှိစေရန်အတွက် ကြိုတင်တည်ဆောက်ထားသည့် ဇာတ်ကောင်၏လုပ်ငန်းခွင် အကြောင်းအရာအချို့အား ပြောဆိုထားပုံ။



မိသားစုအရေးပေါ်အခြေအနေကြောင့် ငွေကြေးအကူအညီတောင်းခံထားပုံ။



နေအိမ်တွင်အလုပ်လုပ်နိုင်ပြီး ဝင်ငွေရရှိမည့်အလုပ်ရှိကြောင်း လိမ်လည်ပြောဆိုထားပုံနှင့် လိမ်လည်သည့်လုပ်ငန်းစဉ်များတွင် AI ကိုအသုံးချခြင်း။

ရရှိလာသည့်အခါ မိသားစုအရေးပေါ်အခြေအနေ၊ ကျန်းမာရေးပြဿနာ၊ စီးပွားရေးအဆင်မပြေမှုစသည့် အကြောင်းပြချက်များဖြင့် ငွေကြေးအကူအညီ တောင်းခံကြကြောင်း၊ အချို့သည် အနာဂတ်တွင် လက်ထပ်ပေါင်းသင်းရန် ကတိပြုပြောဆိုကာ ငွေကြေးအကူအညီများ ထပ်မံတောင်းခံကြကြောင်း၊ ငွေကြေးရရှိပြီးနောက် ဆက်သွယ်မှုဖြတ်တောက်ခြင်း၊ အကောင့်ပိတ်သိမ်းခြင်း သို့မဟုတ် အကြောင်းပြချက်အသစ်များဖြင့် ငွေထပ်မံတောင်းခံခြင်းများ ပြုလုပ်ကြကြောင်း သိရှိရသည်။

လောဘစိတ်ရှိသူများကို လိမ်လည်မှုအပိုင်းတွင် မိမိတို့တွင် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရှိကြောင်း သွေးဆောင်စည်းရုံးကာ အမြတ်အစွန်းများစွာရရှိနိုင်သည်ဟု ယုံကြည်အောင် ပြောဆိုကြကြောင်း၊ ထို့ပြင် အခြားသူများ ရင်းနှီးမြှုပ်နှံပြီး အကျိုးအမြတ်ရရှိနေကြောင်း ထင်မြင်စေမည့် အထောက်အထားအတုများ၊ မှတ်တမ်းအတုများနှင့် အွန်လိုင်းစာမျက်နှာအတုများကို အသုံးပြုကြကြောင်း၊ ပစ်မှတ်ထားခံရသူက စိတ်ဝင်စားလာပါက ၎င်းတို့ဖန်တီးထားသည့် ငွေကြေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရသည့် Application များနှင့် စတော့ရှယ်ယာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါက အမြတ်အစွန်းပြန်လည်ရရှိမည်ဖြစ်ကြောင်းပြော ဆို၍ အခြားသူများလည်း ရင်းနှီးမြှုပ်နှံထားကြောင်း ယုံကြည်မှုရှိစေရန် အဖွဲ့လိုက်ဓာတ်ပုံများပေးပို့၍ ဆွဲဆောင်စည်းရုံးကြကြောင်း၊ လုပ်ငန်းမှရရှိသည့် အမြတ်အစွန်းများဖြင့် ထောက်ပံ့ရေးပစ္စည်းများ လှုဒါန်းမှုဓာတ်ပုံများပြုလုပ်၍လည်း အမှန်တကယ်အကျိုးအမြတ်ရရှိသည့်အပြင် အများအကျိုးပြုနိုင်သည့် လုပ်ငန်းအဖြစ် အထင်ကြီးလေးစားမှုရှိစေရန်ပြုလုပ်ကြကြောင်း၊ ၎င်းတို့သည် အစပိုင်းတွင် ပိုမိုယုံကြည်လာစေရန် အမြတ်အစွန်းများ ပြန်လည်ထုတ်ပေးသော်လည်း ရင်းနှီးမြှုပ်နှံသူများပြားလာပါက Application များ ဖျက်သိမ်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုငွေများ ပြန်လည်ထုတ်မပေးခြင်းနှင့် ငွေကြေးစီးဆင်းမှုကို ဖုံးကွယ်ရန် ကြိုးပမ်းခြင်းများ ပြုလုပ်၍ လိမ်လည်လေ့ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း သိရှိရသည်။

ထို့ပြင် **ကံစမ်းမဲ၊ ဆုကြေးငွေကို မက်လုံးပေး၍ လိမ်လည်မှုအနေဖြင့်** ဖုန်းစာတို (SMS)၊ အီးမေးလ်(Email) နှင့် Viber၊ Telegram စသည့် လူမှုကွန်ရက်နှင့် ဆက်သွယ်ရေး Application များကို အသုံးပြု၍ Website Link အတုများပေးပို့ကာ လိမ်လည်သည့် နည်းကိုလည်း ပြုလုပ်လေ့ရှိကြောင်း၊ ပစ်မှတ်ထားခံရသူများ၏ စိတ်ဝင်စားမှုနှင့် ယုံကြည်မှုကိုရရှိစေရန် ဆုငွေလက်ဆောင်နှင့်ငွေသားဆုများကံစမ်းမဲပေါက်မှုအကြောင်း ပြု၍ သံသယဖြစ်ဖွယ် Website Link များကိုပေးပို့ကြပြီး ထိုသို့ပေးပို့ရာတွင် အချို့သော လိမ်လည်သူများသည် ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ အစိုးရဌာနများနှင့် နာမည်ကြီးကုမ္ပဏီများ၏ အမည်၊ အမှတ်တံဆိပ်(Logo) နှင့် Website ပုံစံများကို တုပဖန်တီးကာ တရားဝင် Website တစ်ခုကဲ့သို့ ထင်မြင်စေရန်ပြုလုပ်၍ လိမ်လည်ကြကြောင်း သိရှိရသည်။

အွန်လိုင်းမှတစ်ဆင့် **လောင်းကစားဝါသနာပါသူများကို လိမ်လည်မှုအပိုင်းတွင်** လူမှုကွန်ရက်များမှတစ်ဆင့် အွန်လိုင်းလောင်းကစားနှင့် ဂိမ်းပလက်ဖောင်းများကို ကြော်ငြာခြင်း၊ အနိုင်ရရှိနိုင်ခြေမြင့်မားကြောင်းနှင့် ငွေကြေးထည့်ဝင်ပါက အမြတ်အစွန်းများ ရရှိနိုင်ကြောင်း မက်လုံးပေးပြောဆိုခြင်းတို့ ပြုလုပ်ကြကြောင်း၊ ထို့ပြင် အချို့သော ပလက်ဖောင်းအတုများတွင် အသုံးပြုသူများအနေဖြင့် အနိုင်ရရှိနေသကဲ့သို့ ဂိမ်းရလဒ်များ၊ ငွေလက်ကျန်များနှင့် အမြတ်အစွန်းများကို ဖန်တီးပြသကာ ယုံကြည်မှုရရှိစေရန် လုပ်ဆောင်ကြကြောင်း သိရှိရသည်။

အလုပ်အကိုင်အခွင့်အလမ်း **မက်လုံးပေး၍ လိမ်လည်ရာတွင်** အိမ်တွင်နေထိုင်ရင်း အလုပ်လုပ်ကိုင်နိုင်ခြင်း၊ အချိန်ပိုင်းအလုပ်များဖြင့် ဝင်ငွေကောင်းစွာရရှိနိုင်ခြင်း၊ အထူးကျွမ်းကျင်မှုနှင့် အတွေ့အကြုံမလိုအပ်ဘဲ လစာမြင့်မားစွာရရှိနိုင်ခြင်းစသည့် မက်လုံးပေးကြော်ငြာမှုများဖြင့် ဆွဲဆောင်ကြပြီး အလုပ်အကိုင်ရရှိရန် မှတ်ပုံတင်ကြေး၊ အာမခံကြေး၊ သင်တန်းကြေးနှင့် လုပ်ငန်းဆောင်ရွက်ခများ ပေးသွင်းရန်တောင်းဆိုခြင်း၊ အလုပ်တာဝန်များ ဆောင်ရွက်ပြီးစီးပါက လုပ်ခလစာနှင့် အကျိုးအမြတ်များရရှိမည်ဟု ပြောဆိုခြင်းတို့ဖြင့် ငွေကြေးပေးသွင်းစေရန် လိမ်လည်ကြကြောင်း၊ အချို့ဖြစ်ရပ်များတွင် သဘာဝကျစေရန် အလုပ်အတွက် **စာမျက်နှာ ၁၈ သို့** ■

■ စာမျက်နှာ ၁၇ မှ

ကိုယ်ရေးအချက်အလက်၊ မှတ်ပုံတင်အချက်အလက်နှင့် ဘဏ်အကောင့်အချက်အလက်များကိုပါ တောင်းခံအသုံးပြုကြကြောင်း သိရှိရသည်။

ထို့အပြင် ယခုနောက်ပိုင်းတွင် အဆင့်မြင့် AI နည်းပညာများကို အထောက်အကူပြုကိရိယာတစ်ခုအဖြစ် အသုံးချလာကြကြောင်း၊ အထူးသဖြင့် AI ဖြင့် လူပုဂ္ဂိုလ်များ၏ မျက်နှာပုံရိပ်နှင့် အသံများကို တုပဖန်တီးနိုင်သော Deepfake နည်းပညာကိုအသုံးပြု၍ ထင်ရှားကျော်ကြားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရတာဝန်ရှိသူများ၏ အမည်၊ ရုပ်ပုံနှင့်အသံများကို အလွဲသုံးစားပြုကာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို ယုံကြည်စိတ်ချရသည့် အစီအစဉ်များဖြစ်သကဲ့သို့ ဖန်တီးကြောင်ဆောင်ကြကြောင်း၊ သတင်းဌာနများ၏ တရားဝင် Website နှင့် ပုံစံတူ Website အတုများကို ဖန်တီး အယောင်ဆောင်ပြီး ထင်ရှားကျော်ကြားသူများ၏ အင်တာဗျူးအတုများ၊ သတင်းဆောင်းပါးအတုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြော်ငြာအတုများကိုဖော်ပြကာ အဆိုပါ ပုဂ္ဂိုလ်များက ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို အမှန်တကယ်ထောက်ခံအားပေးနေသကဲ့သို့ လှည့်ဖြားဆွဲဆောင်မှုများ ပြုလုပ်ကြကြောင်း သိရှိရသည်။

အဆိုပါအွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများသည် နယ်စပ်ဒေသရှိ သောင်းကျန်းသူအဖွဲ့များ အခြေပြုသည့် ဥပဒေကင်းလွတ်ရာ နယ်မြေများတွင် အဓိကအခြေပြုလုပ်ကိုင်လေ့ရှိသည်ကို တွေ့ရှိရကြောင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော ရာဇဝတ်မှုခင်းများဖြစ်သည့်အပြင် ၎င်းရာဇဝတ်မှုများသည်လူအများစုအပေါ် ကျူးလွန်သောရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး နောက်ဆက်တွဲဆိုးကျိုးများကိုဖြစ်ပေါ်စေကြောင်း၊ လိမ်လည်သူများအနေဖြင့် လိမ်လည်ခြင်းများပြုလုပ်ရာ၌ ပစ်မှတ်များ၏ ပညာအရည်အချင်းနည်းပါးမှု၊ အသိပညာခေါင်းပါးမှု၊ နည်းပညာမကျွမ်းကျင်မှုနှင့် အမြတ်အစွန်းရလိုသည့် လောဘစိတ်တို့အပေါ် မူတည်၍ လိမ်လည်နည်းများကို ပေါင်းစပ်အသုံးပြုလေ့ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။


မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူ အများစုအနေဖြင့် နိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများအပြင် အခြားသော ဒုစရိုက်မှုမျိုးစုံကို ဆိုးရွားစွာကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ကျူးလွန်ခဲ့ကြသူများသည် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေးစည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများ ကျူးလွန်ထွက်ပြေးတိမ်းရှောင်နေကြသူများဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ပင်မှ ဖက်ဆစ်ဝါဒဖြစ်စေသော နောက်ပိုင်းတွင်မှ မြန်မာနိုင်ငံနယ်စပ်ရှိ လက်နက်ကိုင်အကြမ်းဖက်ပူးပေါင်းအဖွဲ့များ အခြေချနေထိုင်လျက်ရှိသော ရှမ်းပြည်နယ်ဒေသများသို့ တစ်ဖက်နိုင်ငံမှတစ်ဆင့် တရားမဝင်နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များဝင်ရောက်လုပ်ကိုင်မှုအပေါ်အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံနှင့်ဒေသအပေါ် ကြီးမားစွာထိခိုက်နစ်နာမှုများကိုလျစ်လျူရှု၍ မြေနေရာပေးခြင်း၊ အကာအကွယ်ပေးထားခြင်းများရှိသည်ကို တွေ့ရှိရသည်။

ထို့ပြင်အဆိုပါလုပ်ငန်းများသည် နိုင်ငံတကာငွေကြေးစီးဆင်းမှုနှင့် ဒီဂျစ်တယ်နည်းပညာများကို အသုံးချ၍ နယ်စပ်ဖြတ်ကျော်လုပ်ကိုင်နေသည့်အတွက် လိမ်လည်ခံရသူများ၏ ငွေကြေးဆုံးရှုံးမှုကို ဖြစ်ပေါ်စေရုံသာမက ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုကဲ့သို့သော ဆက်စပ်မှုခင်းများကိုပါ ဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် အဆိုပါ Scam Center များတွင် နိုင်ငံအသီးသီးမှ လူများကို အလုပ်အကိုင်ကောင်းများရရှိမည်ဟု လိမ်လည်ခေါ်ယူပြီး နောက် အွန်လိုင်းလိမ်လည်မှုများတွင် အတင်းအကျပ်ပါဝင်လုပ်ကိုင်စေသည့်ဖြစ်စဉ်များလည်း ရှိနေကြောင်းသိရှိရပြီး ယင်းအခြေအနေများကြောင့် အွန်လိုင်းလိမ်လည်မှုသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြည်တွင်းမှုခင်းပြဿနာအဖြစ် သာမက နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့်နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် အွန်လိုင်းမှတစ်ဆင့်ရရှိလာသော သတင်းအချက်အလက်များကို စိစစ်အတည်ပြုခြင်း၊ မသက်ဆိုင်ရာ Link များကို ရှောင်ကြဉ်ခြင်း၊ Password နှင့် OTP ကဲ့သို့သော ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

မိုးလေဝသ သတင်း



ရေစူးကန့်သတ်ချက်လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

၁။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၇ ခုနှစ် မေလ ၁၅ ရက်အထိကာလသည် ရေနည်းကာလဖြစ်သောကြောင့် ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များလုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် ရေကြောင်းနယ်မြေအလိုက် ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေနည်းကာလအတွင်းအောက်ပါအတိုင်းကန့်သတ်ထားပါသည်-

စဉ်	မြစ်အမည်	ရေကြောင်းနယ်မြေ မှ	ထိ	ရေစူးကန့်သတ်ချက် ပေ	လက်မ
၁။	ဧရာဝတီမြစ်	ဟသ်ာတ	ပြည်	၅	၆
၂။		ပြည်	မန္တလေး	၅	၀
၃။		မန္တလေး	ကသာ	၄	၀
၄။		ကသာ	ဗန်းမော်	၃	၉
၅။		ဆင်ဘို	မြစ်ကြီးနား	၂	၆
၆။	ချင်းတွင်းမြစ်	ချင်းတွင်း၀	မုံရွာ	၃	၀
၇။		မုံရွာ	ကလေး၀	၃	၃
၈။		ကလေး၀	ဟုမ္မလင်း	၃	၀
၉။		ဟုမ္မလင်း	ခန္တီး	၂	၆

၂။ သို့ဖြစ်ပါ၍ ဖော်ပြပါဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များလိုက်နာကြရန်နှင့် သတ်မှတ်ရေလမ်းများအတိုင်း လိုက်နာခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားပါသည်။

ရှိုးရှိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေမည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။

ရေချွေတာရေးနည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။

တိုင်းရင်းသားရိုးရာဂျပ်ခုတ်နည်းသင်တန်းဖွင့်လှစ်လျက်ရှိ

ဖလမ်း နိုဝင်ဘာ ၁၂

ဖလမ်းမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသည် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရပ်နားထားခဲ့ရာမှ ယခုအခါ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နေသည့်အပြင်အောက်တိုဘာလ ၃၀ ရက်မှစ၍ တိုင်းရင်းသားရိုးရာဂျပ်ခုတ်နည်းသင်တန်းကို ဒေသခံပြည်သူများအား သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ သင်တန်းကျောင်း၌ သင်တန်းဖွင့်လှစ်သင်ကြားနေမှု၊ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ ဖလမ်းခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရုံးနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ မိုးလေဝသနှင့်ရာသီဥတုတိုင်းတာရေးစက်ကိရိယာများတပ်ဆင်ထားရှိမှုတို့ကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူသွားရောက်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ဖလမ်းမြို့နယ် ပညာရေးမှူးရုံး ဆိုလာတပ်ဆင်ပြီးစီး၍ ဝန်ထမ်းများ ရုံးလုပ်ငန်းပုံမှန်လည်ပတ်နေမှု၊ ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှုအခြေအနေနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိအကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် စာသင်ဆောင်ပြုပြင်ထားရှိမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းတက်ရောက်နေသည့်ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်အတန်းပညာကိုကြိုးစားသင်ယူကြရမည့်အပြင် အသိပညာများတိုးပွားအောင် လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊ ငယ်ရွယ်စဉ်အချိန်မှစ၍ ဗလငါးတန်နှင့် ပြည့်စုံဖွံ့ဖြိုးအောင်ကြိုးစားကြစေလိုကြောင်း အားပေးစကားပြောကြားပြီး ဆရာ၊ ဆရာမများအား ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာနှင့် အမှုဆောင်အရာရှိအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဂျာမနီသံရုံး ယာယီတာဝန်ခံ၏ လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ခဲ့သော ဗီဒီယိုနှင့်ပတ်သက်၍ ပြင်းထန်စွာကန့်ကွက်ရှုတ်ချခြင်း

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ မာသီးရက်စ်လေရှာ့စ် Mathias Licharz ၏ ဗီဒီယိုဖိုင်တွင်ပါရှိသည့် ၎င်း၏ပြောကြားချက်များသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့်မိမိတို့၏ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကြီးအကဲကို မထီမဲ့မြင်ပြုခြင်းဖြစ်သည့်အပြင် ရွေးကောက်ပွဲတွင် တက်ကြွစွာဆန္ဒမဲပေးခဲ့ကြသည့် မြန်မာပြည်သူပြည်သားအားလုံးကို တိုက်ရိုက်ပုတ်ခတ်စော်ကားခြင်းလည်းဖြစ်ပါသည်။

၂။ ဂျာမနီသံရုံးယာယီတာဝန်ခံအနေဖြင့်ဗီဒီယိုရိုက်ကူးသည့်နေရာရွေးချယ်မှုအပါအဝင် ပြုမူပြောဆိုဆောင်ရွက်မှုများသည် အိမ်ရှင်နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ် အတိုက်အခံပြုရန်အတွက် အားပေးအားမြှောက်ပြုလုပ်နေသည့်အသွင်တွေ့ရှိရပြီး ပြည်တွင်းရေးမငြိမ်မသက်မှုများဖြစ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်အညိုပျက်စေရန် ရည်ရွယ်ချက်ရှိရှိ အားပေးလှုံ့ဆော်ရာလည်း ရောက်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဂျာမနီသံရုံးယာယီတာဝန်ခံ မာသီးရက်စ်လေရှာ့စ်၏ အထက်ပါပြုမူဆောင်ရွက်ပြောကြားချက်များနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA

ဖျူးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

ပဲခူး နိုဝင်ဘာ ၁၂



ဖျူးမြို့နယ် မင်းကံရိုးကျေးရွာအုပ်စု၌ နွေစပါး ၂၂၄၀ ဧကာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဖြူးချောင်းဆည်ရေသောက်စနစ်တည်ဆောက်နေမှုကိုယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နှစ်စဉ်နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဆည်ရေသောက်စနစ် ဧရိယာအတွင်း အပြည့်အဝစိုက်ပျိုးနိုင်ရေး ရေပေးမြောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ဖျူးမြို့ မြို့မအနောက်ရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးလူမော်၏ Good Brother တန် ၆၀ ကျဆန်စက်၌ စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက် Gasifier ဖြင့် ပြည်ပပို့ကုန် Export ဆန်ကြိတ်ခွဲနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင်ဖျူးမြို့ တာခြားရပ်ကွက်ရှိ ဦးမောင်မောင်ဝင်း၏ အသားတိုးဝက်ခြံကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှု၊ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာထုတ်လုပ်မွေးမြူနိုင်ရေးတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဖျူးမြို့နှင့်ကျောက်တံခါးမြို့အကြား (ရန်ကုန်-မန္တလေး) လမ်းဟောင်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်နေမှုနှင့် ဆောင်းသီးနှံ ပဲမျိုးစုံစိုက်ပျိုးထားရှိမှုတို့အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဥသာတိုင်းသား

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်မြစ်	မုဒုံ	မြစ်ကြီးနာ	စစ်ကိုင်	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ကျိုင်းတော်	ဟားခါး
92 Ron	၄၂၇၀	၄၄၂၅	၄၄၇၅	၄၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၄၇၅	၄၇၂၅	၄၇၃၅	၄၄၇၅	၄၄၇၅	၄၄၇၀	၄၄၂၅	၄၄၃၅	၄၆၆၅
95 Ron	၄၃၀၅	၄၄၇၀	၄၄၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅၂၀	၄၄၈၀	၄၇၆၅	၄၇၉၅	၄၄၂၀	၄၄၈၅	၄၅၁၀	၄၄၇၀	၄၄၈၀	၄၇၁၀
HSD (500 ppm)	၄၃၈၀	၄၄၃၀	၄၄၈၅	၄၃၉၅	၄၄၃၅	၄၄၄၅	၄၄၈၀	၄၄၆၅	-	၄၈၆၅	၄၄၈၅	၅၀၀၅	၄၄၇၀	၄၄၃၀	၄၄၆၀	၄၇၆၀
HSD (50 ppm)	၅၃၀၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀	၅၄၇၀	၅၈၀၀	၅၄၂၀	၅၅၂၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၅၁၀
HSD (10 ppm)	၅၃၀၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀		၅၈၀၀	၅၄၂၀	၅၅၂၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၅၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါကကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့်သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများကဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၁၂-၁၁-၂၀၂၆ ရက်နေ့ ဈေးကွက်ပျမ်းမျှငွေလဲနှုန်း (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၁၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်**ဖြစ်သည်။

ဈေးကွက်ရွှေ(ရွှေ)ရည်ညွှန်းဈေး

သတ်မှတ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၄၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကိုထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာလ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၄၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မြဝတီ

လယ်ဝေးမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ အယ်လ်နီညို ရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြော

လယ်ဝေး နိုဝင်ဘာ ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ဝက္ကမူကျေးရွာ၊ လက်ပံခုန်ကျေးရွာနှင့် ခေတ်အေးကျေးရွာတို့သို့ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်အတွင်းရှိ ဝက္ကမူကျေးရွာ၊ လက်ပံခုန်ကျေးရွာနှင့် ခေတ်အေးကျေးရွာတို့၏ လက်ရှိရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာရှိရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများမှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ရေရှားခြင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင်စနစ်တကျသုံးစွဲကြရန် ၊အယ်လ်နီညို အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြီးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာတို့သို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများသန့်ရှင်းသောသောက်သုံးရေများဖူလုံစွာရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချိုသန်းညွှန့် (ကျေးလက်)

နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/၈လ)**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝူရှူးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများ ကြိုဆိုဧည့်ခံ၍ ဆုတံဆိပ်များရရှိခဲ့သည့် အောင်ပွဲရဝူရှူးအားကစားအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၂

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဧည့်ခံပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ကျန်းလီမြို့၌ ကျင်းပသည့် Free Trade Port Cup 2026 Southeast Asian Youth Wushu Invitational Tournament ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိခဲ့သည့်အောင်ပွဲရဝူရှူးအားကစားအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ယနေ့အခမ်းအနားတွင် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ပေးခြင်းသည် မျိုးဆက်သစ်လူငယ်ဝူရှူးအားကစားသမားများကို နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အခွင့်အလမ်းများရှိသည်ကို မီးမောင်းထိုးပြသပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် ဝူရှူးအားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်၍ လိုက်လိုက်လဲလဲဝမ်းမြောက်ဂုဏ်ယူစွာကြိုဆိုပါကြောင်း၊ အာရှအားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် စဉ်ဆက်မပြတ် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင် ခဲ့သည့် မြန်မာ့ဝူရှူးအားကစားအဆင့်အတန်းယခုထက်ပိုမိုမြင့်မားလာအောင် တာဝန်ရှိသူများအားလုံးပေါင်းစပ်၍ ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲပြီး



အားကစားသမားများကလည်း အားကြိုးမာန်တက်ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိအောင် ဆောင်ရွက်ပေးခဲ့သည့် အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦးနှင့် အားကစားသမားတစ်ဦးတို့ကို ဂုဏ်ပြုဆုများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများက ဆုတံဆိပ်ရရှိသည့် အားကစားသမားသုံးဦးကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ လူအခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများတက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူးပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် အထက(၄) တာမွေမှဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းပေးအပ်ကာ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝူရှူးပြိုင်ပွဲ ပထမနေ့ပွဲစဉ်များအဖြစ် ချန်းချမ်း အားကစားနည်းမှ အားကစားသမားများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိပဒေသာအားကစားကွင်း၌ ကျင်းပသည့် အသက် ၂၂ နှစ်အောက် ၁၄ ခရိုင်ဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားမည့်သန်လျင်ခရိုင်အသင်းနှင့် အင်းစိန်ခရိုင်အသင်းနှစ်သင်းတို့မှအားကစားသမားများနှင့် တာဝန်ယူဆောင်ရွက်မည့်ဒိုင်လူကြီးများကို အင်အားဖြည့်အချီရည်များကိုပေးအပ်ပြီး သန်လျင်ခရိုင်အသင်းနှင့် အင်းစိန်ခရိုင်အသင်းတို့၏ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

M League II ဘောလုံးပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းနိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်မြန်မာလိဂ်ကော်မတီတို့ကြီးမှူးကျင်းပသည့် M League II 2026–2027 ဘောလုံးရာသီ ပွဲစဉ်(၅)ပြိုင်ပွဲများကိုယနေ့တွင်ပဒုမ္မာအားကစားကွင်းနှင့် တက္ကသိုလ်အားကစားကွင်းတို့၌ ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းနိုင်ပွဲဆက်ပြီး ရွှိုင်ရယ်ဒဂုံအသင်းနှင့် VUE နေပြည်တော်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။



ရခိုင်ယူနိုက်တက်အသင်းနှင့် အင်ဂျိုင်းဘရားသားအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပွဲကစားချိန် ၁၉ မိနစ်တွင် ထွန်းနိုင်စိုး၊ ပွဲကစားချိန် ၃၃ မိနစ်တွင် ညီညီထွန်းတို့က ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည်။ အင်ဂျိုင်းဘရားသားအသင်းချေဂိုး ရရှိရန် အတော်လေးရုန်းကန်ခဲ့ရပြီး ပွဲကစားချိန် ၄၅+၂ မိနစ်တွင် အောင်ပြည့်စုံက အင်ဂျိုင်းဘရားသားအသင်းအတွက် ချေဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်ပွဲကို ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်ရခိုင်ယူနိုက်တက်အသင်း သေချာသောနိုင်ပွဲဖြစ်စေရန် တိုက်စစ်မြှင့်ကစားလာသည်။ အင်ဂျိုင်းဘရားသားအသင်းသည်လည်း ချေဂိုးရရှိရေးထက် ဦးဆောင်ဂိုး ထပ်မံမပေးရရေးကြိုးစားကစားသော်လည်း တိုက်စစ်အားကောင်းသည့် ရခိုင်ယူနိုက်တက်အသင်းကသာ ပွဲကိုစိုးမိုးပြီး ရဲထက်နိုင်က တစ်ဂိုး၊ ထွန်းနိုင်စိုးက သုံးဂိုး၊ စိုးဝဏ္ဏအောင်ကတစ်ဂိုး ဒုတိယပိုင်းတွင်သွင်းဂိုးငါးဂိုး ထပ်မံခွင့်ပြုပေးလိုက်ရ၍ ပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၇ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ သွားသည်။

တက္ကသိုလ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည့် ရွှိုင်ရယ်ဒဂုံအသင်းနှင့် VUE နေပြည်တော်အသင်းတို့ပွဲ၌ ပွဲကစားချိန် ၄ မိနစ်တွင်မင်းမင်းသူက VUE နေပြည်တော်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သကဲ့သို့ ပွဲကစားချိန် ၂၆ မိနစ်တွင် Frank Nyobe က ရွှိုင်ရယ်ဒဂုံအသင်းအတွက်ချေဂိုးပြန်လည်သွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျထားသည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပထမပိုင်းရလဒ် တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျကာ ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

ဝန်းရံခ

❐ **ကျော်ဖုံးမှအဆက်**

နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ဆက်လက်ကျင်းပသည်။

လယ်ဝေးမြို့နယ်၊ စည်ပိုင်းကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာနေ အိအိဖြိုး ၉/လဝန(နိုင်)၃၂၀၀၅၅ ၏ဖခင် ဦးနီတိုး(ခ)နိုးတီတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးနီတိုး(ခ)နိုးတီ

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း သုခဝတီ Grade-6 မှ ပညာသင်ကြားနေသော မချောပြည့်အောင်၏ဖခင်အမည်မှန်မှာ ဦးကျော်သူရဝင်းအောင် ၁၀/ရမန(နိုင်)၀၁၈၄၇၉ ဖြစ်ပါကြောင်း။
ဦးကျော်သူရဝင်းအောင်

အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၂၀) Grade-5 မှ ပညာသင်ကြားနေသော အာဘဦးရာဇာထွန်း ၅/စကန(နိုင်)၁၅၆၈၀၉ ၏သမီး မနုဒီမင်္ဂလာအား မသီရိထိုက်ထိုက်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။
မသီရိထိုက်ထိုက်စံ

ပျောက်ဆုံးကြောင်း

စန္ဒာဝရာဘိဝံသ ၁/မကန(သ)၀၀၀၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆

ပျောက်ဆုံးကြောင်း

မကျိန်ခမ်း(ဘ)ဦးဆန်းထွမ်း ၁၃/လရန(နိုင်)၂၂၄၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 792544)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၃၁၁၉၀

ပျောက်ဆုံးကြောင်း

နန်းကွေရင်(ဘ)ဦးရင်ဆွန် ၁၃/ကတန(နိုင်)၀၀၀၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 923097)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၂၅၁၁၆၆၃

အားကစားမြေငှါးတင် စိတ်လန်းရွှင်ဆန့်ကျင်မူးယစ်ဆေး

ဒုတိယဝန်ကြီးဦးသိုက်စိုး ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲတက်ရောက်



နေပြည်တော် နိုဝင်ဘာ ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုဌာန (IPRCC) ကကြီးမှူးရွှေ့ "၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲ"ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ နိုဝင်ဘာလ ၁၁ ရက်က ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးသိုက်စိုးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲအား **"မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေခြင်းနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလမ်းကြောင်းများတွင် ဆန်းသစ်တီထွင်ခြင်း"** ဟူသောဆောင်ပုဒ်ဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်များကို ပိုမိုနက်ရှိုင်းခိုင်မာစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွေ့အကြုံများကိုဖလှယ်ရန်၊ အသိပညာမျှဝေမှုကိုမြှင့်တင်ရန်၊ ပိုမိုခံနိုင်ရည်ရှိသောဖွံ့ဖြိုးတိုးတက်မှုပုံစံများကို ရှာဖွေလေ့လာရန်နှင့် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ်၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အကောင်အထည်ဖော် မြှင့်တင်ဆောင်ရွက်နိုင်ရန် အတွက် ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ အပြည်ပြည်ဆိုင်ရာဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုဌာန (IPRCC) မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဒုတိယအတွင်းရေးမှူးချုပ်၊ လာအိုနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Chanthakhone Boualaphanh၊ မြန်မာနိုင်ငံ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ တရုတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်၊ H.E. Mr. Stephen Jackson၊ တရုတ်နိုင်ငံ၊ နိုင်ငံခြားဘာသာစာပေထုတ်ဝေရေး စီမံခန့်ခွဲမှုအဖွဲ့ဒုတိယညွှန်ကြားရေးမှူးချုပ်၊ H.E. Mr. Yu Yunquan တို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားလှယ်ဖြစ်သည့် ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများ ပူးပေါင်းပါဝင်သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပြည်သူကိုယ်တိုင် စီမံခန့်ခွဲသည့် စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေးဟူသော မဟာဗျူဟာမြောက်လုပ်ငန်းစဉ် (၂) ရပ်နှင့် ပြည်သူကိုဗဟိုပြု၍ ဘက်စုံကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းများကို လုပ်ငန်းအစီအစဉ် (၆) ရပ်ဖြင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းစေရေးအတွက် ကျေးလက် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ ကျေးလက်စီးပွားမြင့် မားရေးစီမံကိန်းအပါအဝင် အသက်မွေးဝမ်းကျောင်းနည်းပညာများ ထောက်ပံ့ပေးပြီး မိသားစုဝင်ငွေ ပိုမိုတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒီဂျစ်တယ်နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဘဏ္ဍာရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် INGOs အဖွဲ့အစည်းများမှ ဆွေးနွေးပွဲဆောင်ပုဒ်နှင့်အညီ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရေး၊ ဆင်းရဲမွဲလျှော့ချရေးလုပ်ငန်းစဉ်များအား ခေတ်နှင့်အညီတီထွင်ဆန်းသစ် ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များအား ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲအား Poverty Reduction Experience Sharing and Model Innovation on Poverty Reduction နှင့် Toward the post 2030 : Transition and Long-Term Governance of Poverty Reduction ခေါင်းစဉ် (၂) ခုဖြင့်ကျင်းပခဲ့ရာ တက်ရောက်လာကြသည့်အစိုးရအဖွဲ့အစည်းများနှင့် INGOs အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ခေါင်းစဉ်အသီးသီးဖြင့် အတွေ့အကြုံများအား ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးသိုက်စိုးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Barnaby Jones အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Barnaby Jones အား ယနေ့တွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNHCR တို့အကြား လက်မှတ်ရေးထိုးထားရှိသည့် နားလည်မှုစာချွန်လွှာ (MoU) ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ UNHCR မှ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့်ဗီဇနှင့် ဗီဇသက်တမ်းတိုးမြှင့်ပေးရေးကိစ္စရပ်များ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs) အား ဦးစားပေးကူညီထောက်ပံ့ပေးနိုင်ရေးကိစ္စရပ်များနှင့် ၂၀၂၇ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် UNHCR မှ ရန်ပုံငွေရရှိနိုင်မှုနှင့် လူသားချင်းစာနာမှုအကူအညီများ ဆက်လက်ထောက်ပံ့ပေးနိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် UNHCR ရုံးမှ ကိုယ်စားလှယ်တို့တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

စစ်တွေမြို့၌ စုပေါင်းမဟာဘုံကထိန်နှင့် ရခိုင်ပြည်နယ်နေ့အခမ်းအနားများ ကျင်းပမည်

စစ်တွေ နိုဝင်ဘာ ၁၂

ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူးပြီး စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား၊ ဆီမီးပူဇော်ပွဲနှင့်မီးပုံးပျံလွှတ်တင်ပွဲအခမ်းအနားနှင့် (၅၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားများကို စစ်တွေမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ကထိန်လျာသင်္ကန်းနှင့်ပဒေသာပင်များ ဆက်ကပ်လှူဒါန်းနိုင်ရန်နှင့် တန်ဆောင်မုန်းလပြည့်နေ့ ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်နေ့ အခမ်းအနားမကျင်းပမီ အားကစားပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲ၊ လူငယ်စကားပိုင်းဆွေးနွေးပွဲနှင့် အခြားပြိုင်ပွဲများ၊ နယ်ပယ်အသီးသီးမှ သက်ဆိုင်ရာကဏ္ဍအလိုက် ထူးချွန်စွာဆောင်ရွက်ခဲ့သူများကို စီမံ၊ စီးပွား၊ လူမှုထူးချွန်ဆုများပေးအပ်နိုင်ရေး လုပ်ငန်းကော်မတီများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ရွှေညောင်မြို့ ရေဘေးသင့်ပြည်သူများအား ကွင်းဆင်းကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်

တောင်ကြီး နိုဝင်ဘာ ၁၂

နိုဝင်ဘာလ ၁၀ ရက်က အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မင်္ဂလာရွှေတိုရပ်ကွက်နှင့်ရတနာရပ်ကွက်တို့တွင်ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ နေအိမ်များအတွင်း ရေဝင်ရောက်မှုကြောင့် ပြည်သူများအား ရေဘေးလွတ်ရာ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားခဲ့သည်။

ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိရာ ရွှေညောင်မြို့ ကုန်းလှိုင်ဇေယျသိရိဓမ္မာရုံသို့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်နှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ယမန်နေ့ကသွားရောက်ပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြား၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်



တော်ကိုယ်စားလှယ်များက ရေဘေးသင့်အိမ်ထောင်စု (၁၀၆)စု၊ လူဦးရေ(၃၈၈)ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။


ဆက်လက်၍ ညောင်ရွှေမြို့နယ် နန်းသီတာကျေးရွာရှိ စိန်ဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လှူဒါန်း၍ ညောင်ရွှေမြို့ မြို့လယ်ရပ်ကွက် ဗောဓိညောင်ပင်ဝင်း အတွင်းရှိ စာပွဲတော်သံဃာတည်းခိုဆောင်တွင် ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးကယ်ဆယ်ရေး စခန်း၌ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ အိမ်ထောင်စု(၂၄)စုမှ လူဦးရေ(၇၅)ဦးတို့ကို စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ငွေကျပ် ၃၄၈၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ထက်ဝေ(ပြန်/ဆက်)**

မန်ယူအသင်းနည်းပြသစ်အဖြစ် ပိုချက်တီနိုကိုခန့်အပ်ရန် သဘောတူညီမှုရရှိထားသော်လည်း နိုင်ငံတကာပွဲစဉ်များကြောင့် အတည်ပြုကြေညာမည့်ရက်ကို ဆိုင်းငံ့ထား

မန်ချက်စတာ နိုဝင်ဘာ ၁၂

မန်ယူအသင်းက နည်းပြသစ်အဖြစ် လက်ရှိအမေရိကန်အသင်းနည်းပြ ပိုချက်တီနိုကို ခန့်အပ်ရန် သဘောတူညီမှု ရရှိထားသော်လည်း အတည်ပြုကြေညာမည့်ရက်ကို ဆိုင်းငံ့ထားပြီး နိုင်ငံတကာပွဲစဉ်ကာလအပြီးမှသာ အတည်ပြုကြေညာဖွယ်ရှိကြောင်း သိရသည်။



မန်ယူအသင်းသည် ပရီမီးယားလိဂ်ပြိုင်ပွဲတွင် ရှုစ်ပွဲဆက်နိုင်ပွဲ ပျောက်ဆုံးပြီး အက်စ်တွန်ဗီလာအသင်းနှင့် သရေရလဒ်ထွက်ပေါ်သည့်ပွဲစဉ်အပြီး ပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်နှင့် ဘုတ်အဖွဲ့ဝင်များက မိုနာကိုတွင် နည်းပြကာရစ်၏ အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများလုပ်ဆောင်ခဲ့သည်။ ထို့နောက် နည်းပြကာရစ်ကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ပြီး ပိုချက်တီနိုကို နည်းပြသစ်အဖြစ် ခန့်အပ်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြ ပိုချက်တီနိုကိုယ်တိုင်ကလည်း အစောပိုင်းကတည်းက ပရီမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့လိုနေပြီး မန်ယူအသင်းဘက်မှ ကမ်းလှမ်းမှုလုပ်ဆောင်လာပါက လက်ခံဆွေးနွေးသွားမည်ဟု ပြောကြားထားသည်။

မန်ယူအသင်းက နည်းပြသစ်အဖြစ် ပိုချက်တီနိုကိုခန့်အပ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ရာ အမေရိကန်အသင်းကို စာချုပ်ဖျက်သိမ်းကြေးပေးချေပြီး ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

နည်းပြပိုချက်တီနို့နှင့်အမေရိကန်အသင်းတို့ စာချုပ်သက်တမ်းမှာ လာမည့် ၂၀၃၀ ပြည့်နှစ်အထိ ကျန်ရှိနေသေးသည့်အတွက် မန်ယူအသင်းအနေဖြင့် စာချုပ်ဖျက်သိမ်းကြေး အမေရိကန်ဒေါ်လာ၃၄စ်သန်းမှ ၁၀ သန်းကြား ပေးချေရမည်ဖြစ်သည်။

ပိုချက်တီနိုသည် ပရီမီးယားလိဂ်ပြိုင်ပွဲတွင် လန်ဒန်ကလပ်အသင်းများဖြစ်သည့် စပါးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ကာ ပြိုင်ပွဲအတွေ့အကြုံကောင်းများရှိသူဖြစ်ပြီး ၂၀၁၉ ခုနှစ်၌ စပါးအသင်းကို တာဝန်ယူကိုင်တွယ်သည့်အချိန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဗိုလ်လုပွဲအဆင့်ထိရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

Ref;Topskillsport UK

လီဗာပူးအသင်းမှ ဝါရင့်ခံစစ်ကစားသမား ဗန်ဒိုက်ကို သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်မည်

လန်ဒန် နိုဝင်ဘာ ၁၂

လီဗာပူးအသင်းက အသင်းနှင့် ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဝါရင့်ခံစစ်ကစားသမား ဗန်ဒိုက်ကို သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗန်ဒိုက်နှင့်လီဗာပူးအသင်းတို့ စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် ဘာစီလိုနာအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဗန်ဒိုက်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် ပြင်ဆင်လျက်ရှိနေသည်ဟု သတင်းများထွက်ပေါ်ပြီးနောက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

အစောပိုင်းနှစ်များက လီဗာပူးအသင်းက ဗန်ဒိုက်ကို စာချုပ်သက်တမ်းအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန်စီစဉ်ထားသော်လည်း လက်ရှိလီဗာပူးအသင်းနည်းပြ အီယာအိုလာက ၎င်းအား နောက်ထပ်နှစ်အနည်းငယ်ကြာ အသင်းတွင် ဆက်လက်ထိန်းထားလိုသည့်အတွက် လီဗာပူးအသင်းကလည်း သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဗန်ဒိုက်သည် ယခုဘောလုံးရာသီတွင် ဘောလုံးရာသီ ၁၀ ရာသီမြောက် ကစားနေခြင်းဖြစ်ပြီး အသင်းနှင့်အတူ ခြေစွမ်းများပြသနိုင်ခဲ့ခြင်းကြောင့် ပရီမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခံစစ်ကစားသမားများမှ တစ်ဦးအပါအဝင်အဖြစ် ကာလရှည်ရပ်တည်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref;Fabrizio Romano



ချန်ပီယံခါးပတ်အတွက် အစွမ်းကုန်ယှဉ်ပြိုင်သွားမည်ဟု အမေရိကန်ဖိုက်တာ ဂျို့ခ်ဟိုးကစ်ပြောကြား

ဝါရှင်တန် နိုဝင်ဘာ ၁၂

အမေရိကန် UFC ထိပ်တန်းဖိုက်တာတစ်ဦးဖြစ်သည့် ဂျို့ခ်ဟိုးကစ်က ချန်ပီယံခါးပတ်အတွက် ပြင်သစ်ဖိုက်တာ စီရယ်ဂိန်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိရန် အစွမ်းကုန်ယှဉ်ပြိုင်သွားမည်ဟု ပြောကြားသည်။

ဂျို့ခ်ဟိုးကစ်နှင့် စီရယ်ဂိန်းတို့အနေဖြင့် နိုဝင်ဘာလ ၁၄ ရက်တွင် အမေရိကန်နိုင်ငံ၌ကျင်းပမည့် UFC 334 ပြိုင်ပွဲတွင် စီရယ်ဂိန်း၏ UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဂျို့ခ်ဟိုးကစ်က အင်တာဗျူးအစီအစဉ်တစ်ခုတွင် “ချန်ပီယံခါးပတ်အတွက် ကျွန်တော် စီရယ်ဂိန်းကို အစွမ်းကုန်ယှဉ်ပြိုင်သွားမှာပါ။ ကျွန်တော်တို့နှစ်ယောက် အကောင်းဆုံးယှဉ်ပြိုင်မှာဖြစ်ပြီး ချန်ပီယံခါးပတ်ကို ရယူသွားမှာပါ။ အဲဒီအတွက်လည်း ကျွန်တော့်ဘက်က အသင့်ဖြစ်နေပါပြီ”ဟု ပြောသည်။

စီရယ်ဂိန်းသည် ပြီးခဲ့သည့် UFC Freedom 250 ပြိုင်ပွဲတွင် ဘရာဇီးဖိုက်တာ ပါရဲရားကိုအလဲထိုးဖြင့်အနိုင်ရရှိပြီး UFC ဟဲဗီးဝိတ်တန်းတွင် အဆင့်(၁)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း အင်္ဂလန်ဖိုက်တာ တွမ်အက်စ်ပိနဲက မျက်စိဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရကာ ချန်ပီယံခါးပတ်ကိုလက်လွှတ်ခဲ့ရသည့်အတွက် စီရယ်ဂိန်းက UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဖြစ်လာခဲ့ပြီး ယခုအခါ UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံကာကွယ်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref;MMA Tales

ဒဏ်ရာမှပြန်လည်သက်သာလာသည့် ဇြိတိန်တင်းနစ်မယ် ရာဒူကာနူ United Cup ပြိုင်ပွဲတွင် ပြန်လည်ပါဝင်ကစားမည်

လန်ဒန် နိုဝင်ဘာ ၁၂

ဒဏ်ရာကြောင့် အနားယူနေရသည့် ဇြိတိန်ထိပ်တန်းတင်းနစ်မယ် ရာဒူကာနူသည် ဒဏ်ရာမှ ပြန်လည်သက်သာလာသည့်အတွက် ၂၀၂၇ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း ကျင်းပမည့် United Cup တင်းနစ်ပြိုင်ပွဲတွင် ပြန်လည်ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ရာဒူကာနူသည် ပြီးခဲ့သည့် ဇွန်လအတွင်းက အင်္ဂလန်နိုင်ငံ၌ ကျင်းပခဲ့သည့် ဝင်ဘလ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပထမအချီပွဲငယ်၌ ခြေသလုံးဒဏ်ရာကြောင့် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရပြီး ကာလရှည်အနားယူနေရခြင်းဖြစ်သည်။

ရာဒူကာနူသည်ဒဏ်ရာကြောင့်ကာလရှည်အနားယူခဲ့ရသည့်အတွက် ဇွန်လနောက်ပိုင်းတွင် ကျင်းပသည့် အဓိကပြိုင်ပွဲဖြစ်သည့် ယူအက်စ်အိုးပင်းတင်းနစ်အပါအဝင် ပြိုင်ပွဲအများစုကို လွဲချော်ခဲ့ရခြင်းဖြစ်သည်။

ရာဒူကာနူသည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီးနောက် ပြီးခဲ့သည့် စက်တင်ဘာလက အပေါ့စားလေ့ကျင့်မှုများလုပ်ဆောင်နိုင်ခဲ့ကာ ယခုလတွင်လည်း လေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်နိုင်ခဲ့ပြီး ကြံ့ခိုင်မှုပိုင်း တိုးတက်လာသည့်အတွက် United Cup တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

United Cup တင်းနစ်ပြိုင်ပွဲတွင် ဇြိတိန်အသင်း၌ ရာဒူကာနူပါဝင်ကစားမည်ဖြစ်ပြီး ဇြိတိန်အသင်းအနေဖြင့် အုပ်စု(d)တွင် ပြင်သစ်အသင်း၊ ဩစတြေးလျအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

ရာဒူကာနူသည် ကမ္ဘာ့အဆင့်(၃၈)ဖြင့် ယခုတင်းနစ်ရာသီပိတ်သိမ်းနိုင်ခဲ့သည့်အတွက် လာမည့်ရာသီတွင် Grand Slam အဆင့် ပြိုင်ပွဲနှစ်ရပ်နှင့်အတူ ပြိုင်ပွဲရှစ်ခု ပါဝင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref;Yahoo Sports

ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းမှထွက်ခွာရန် အင်းဒရစ်ဆုံးဖြတ်

မက်ဒရစ် နိုဝင်ဘာ ၁၂

ရီးယဲလ်မက်ဒရစ်အသင်း လူငယ်တိုက်စစ်ကစားသမားအင်းဒရစ်က လာမည့် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၀ အရွယ် အင်းဒရစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း လိုင်ယွန်အသင်းတွင် တစ်ရာသီအငှား စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ကာ တစ်ရာသီ စာချုပ်သက်တမ်းအပြီး ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

သို့သော် အင်းဒရစ်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်း၌ နည်းပြမော်ရင်ဟိုလက်အောက်တွင် ပွဲကစားခွင့်နည်းပါးနေပြီး လက်ရှိအချိန်ထိ ပွဲချိန် ၁၁၄ မိနစ်သာပါဝင်ကစားရသည့်အတွက် လာမည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ အပြီးသတ်စာချုပ်ဖြင့် မထွက်ခွာနိုင်ပါက ရာသီဝက်အငှားစာချုပ်ဖြင့် ထွက်ခွာရန်ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် အင်းဒရစ်ကို အာဆင်နယ်အသင်းက ခေါ်ယူလိုနေပြီး အာဆင်နယ်အသင်းတိုက်စစ်ပိုင်းတွင် ကိုင်ဟာဗက်တစ်ဦးတည်းကိုသာ အဓိကအားပြုနေရသည့်အတွက် ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် အင်းဒရစ်ကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက အင်းဒရစ်ကိုခေါ်ယူရန် ကြိုးပမ်းသော်လည်း ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်သည့်အတွက် ယခုအခါတွင် ထပ်မံကြိုးပမ်းဖွယ်ရှိကြောင်း သိရသည်။

Ref;talkSPORTS

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀ မှ ၄၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယုံကြည်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

"Soe & Htwe Co.,Ltd."
မြန်မာနိုင်ငံလူမွေခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
ကုမ္ပဏီကိုအစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာခြင်း

၁။ "Soe & Htwe Co.,Ltd."ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၄-၁၀-၂၀၂၆) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ မိနီကွန်ဒို၊ မြေညီထပ်(ဘီ)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို (၂၂-၁၁-၂၀၂၆)ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးစိုးဝင်းဦး
မန်နေးဂျင်းဒါရိုက်တာ
Soe & Htwe Co.,Ltd.
၏ ဒါရိုက်တာအဖွဲ့ကိုယ်စား

ဦးစိန်ကျော်ဝင်း
(B.Com. C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း-၀၉-၅၁၂၅၉၈၅

YADANAR SEIN HTET AUNG COMPANY LIMITED
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံလူမွေခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁၁(က)အရ ဖျက်သိမ်းဆဲ YADANAR SEIN HTET AUNG COMPANY LIMITED ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်
ကျင်းပမည့်အချိန် - နံနက်(၁၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်-(၁၈၈)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးရှင်ငြိမ်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
Insolvency Practitioner No.103594
အမှတ်(၅၀)၊ ၅ဖလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊

UNITED YUTAKA TECHNOLOGY COMPANY LIMITED
(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ
အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်အကြောင်းကြားစာ

UNITED YUTAKA TECHNOLOGY COMPANY LIMITED (ဖျက်သိမ်းဆဲ)၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းများတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံးတက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် ။ ။ ၁၄ ရက်၊ ဒီဇင်ဘာလ ၂၀၂၆ ခုနှစ်။ နံနက်(၁၀:၀၀)နာရီ။
ကျင်းပမည့်နေရာ ။ ။ ဆိုင်ခန်းအမှတ် ၁၈-၁၅ ဘီ၊ ဇုန်အေ သီလဝါ အထူးစီးပွားရေးဇုန်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးကျော်မင်းထွန်း(တရားလွှတ်တော်ရှေ့နေ)
လူမွေခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်= ၁၁၃၂၇၀
လူမွေခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်= ၀၀၂၆၀
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(PAI Consultant Service)
ဖုန်း= ၀၉-၄၂၂၁၇၅၁၄၊ ၀၉-၇၇၄၇၈၈၈၄၆

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နိုးကျွန်းမြို့နယ်၊ ငမိုးရိပ်(၁)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ အမှတ်(၈၇၃)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊ (၇)ထပ်တိုက်အဆောက်အဦ၏ (၅လွှာ/A)တိုက်ခန်းအား လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမြင့်ဆွေ၊ ဒေါ်စိုးစုစံတို့မှရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းထိန်၊ ဒေါ်သဲသဲအိမွန်ဖြိုးတို့မှဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြနှင်းဖြူ(အထက်တန်းရှေ့နေ)(စဉ်-၅၃၃၀၆)
အမှတ်(၂၉၂)၊ စံပြ(၂)လမ်း၊ စံပြရပ်ကွက်၊ သဃ်နိုးကျွန်းမြို့နယ်။
ဖုန်း-၀၉-၆၆၈၇၄၁၅၅၂၊ ၀၉-၉၇၈၃၈၄၃၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
(အိတ်ဖွင့်လေလံရောင်းချခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါပစ္စည်းများအား ယှဉ်တွဲပါလေလံအမှတ်အတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမျိုးအမည်
၁	04/YESC (လေလံ)/26-27	မီးစက်အပျက်အဟောင်း(၂)လုံး

၂။ လေလံပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်သူနံထားအတိုင်း (၁၂-၁၁-၂၀၂၆)နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ လေလံပိတ်ရက်မှာ (၂၆-၁၁-၂၀၂၆)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လေလံစိစစ်ရွေးချယ်ရေးအဖွဲ့

PETRO VIETNAM FERTILIZER AND CHEMICALS CORPORATION (PVFCCO)
Registration No. 148052727
(OVERSEAS CORPORATION-MYANMAR REPRESENTATIVE OFFICE)
NOTICE OF CLOSURE OF REPRESENTATIVE OFFICE IN MYANMAR
Pursuant to Section 55(a)of the Myanmar Companies Law 2017

1. The Directors of PETROVIETNAM FERTILIZER AND CHEMICALS CORPORATION (PVFCCO) have, pursuant to a written resolution dated 11th November 2026, resolved to proceed with the closure of its Representative Office in Myanmar and to take the necessary steps for deregistration in accordance with Section 55(a)of the Myanmar Companies Law 2017.
2. The Directors have further appointed U Kyawt Mg (NRC.12/MaGaTa (N)036479)B.A, C.P.A., R.A., I.C.M.A., Part II(London)of No.3, 105th Street, Mingalar Taung Nyunt Township, Yangon Region, as the person responsible for coordinating the closure process and receiving claims relating to the Representative Office.
3. Therefore, any person claiming to be a creditor of the Myanmar Representative Office is hereby requested to submit relevant supporting documents and evidence of such claims to U Kyawt Mg at the above-mentioned address within one month from the date of publication of this notice.

Mr. Vu Khanh Thien
authorised Officer
PVFCCo

U Kyawt Mg
Liquidator

တစ်ဦးတည်းဖြစ်ပါကြောင်း

တန့်ယန်းမြို့နယ်၊ အ.မ.က ဟိုမန်းမှ ဒေါ်နန်းခမ်းအောင် ၁၃/တယန(နိုင်) ၀၀၄၁၅၂ ၏အဘအမည် ဦးကျောင်းလူးနှင့် ဦးပူကျောင်းလူးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျောင်းလူး(ခ)ဦးပူကျောင်းလူး

တစ်ဦးတည်းဖြစ်ပါကြောင်း

တန့်ယန်းမြို့၊ အမှတ်(၉)မူလတန်းလွန်ကျောင်းမှ ဒေါ်နန်းခမ်းဆွေ၏ အဘအမည် ဦးခွန်မြနှင့် ဦးခွန်စံမြနှင့် ဦးစိုင်းမြအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခွန်မြ(ခ)ဦးခွန်စံမြ(ခ)ဦးစိုင်းမြအောင်

ကြော်ငြာချက်

နန်းဇင်မိုမိုအောင်(ဘ)ဦးအောင်ကျော်ကျော် ၁/မညန(နိုင်)၁၂၆၉၈၆ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 082233)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၂၄၃၀၈

အမည်ပြောင်း

ပဲခူးမြို့၊ အ.ထ.က(၁)ကျောင်း၊ Grade-9 မှ အဘ ဦးတင်ဝင်းအောင်၏သမီး မစုနဒီဇော်အား မဆုလာဘ်ဝင့်ထည်ဟုပြောင်းလဲခေါ်ဆိုပါရန်။

မဆုလာဘ်ဝင့်ထည်

ပျောက်ဆုံးကြောင်း

ဝင်းဝင်းထွန်း(ဘ)ဦးစိုးသိန်း ၇/၀မန(နိုင်) ၁၆၄၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 300378)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဖြူးမြို့နယ်၊ ငါးထပ်ကြီး(၆)၊ တွင်းရှေ့အုပ်စုနေ မျိုးမျိုးလတ်(ဘ)ဦးကိုကြီး ၇/ဖမန(နိုင်)၁၇၃၈၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 023053)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ သကျက်တောရွာနေ ဒေါ်သန်းလှ(ဘ)ဦးဝင်းမောင်၆/လလန(နိုင်)၀၅၉၃၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၅၅၃၃၃

ပျောက်ဆုံးကြောင်း

ထက်ဝေအောင်(ဘ)ဦးကျော်အောင်မိုး ၁၄/မအန(နိုင်)၁၇၆၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

ချိုသဲ(ဘ)ဦးသန်းထွေး ၇/နတလ(နိုင်) ၀၀၀၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဇမ်းရှင်းလမ်း(ဘ)ဦးစိန်ဧရုပ် ၄/တတန(နိုင်) ၀၆၄၀၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 301726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ကျောက်ကြီးမြို့နယ်၊ ရေအိုးစဉ်ရွာနေ မောင်ငပိန်(ဘ)ဦးဝင်းမြင့် ၇/ကကန(နိုင်)၀၉၅၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 408741)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဘီးလင်းမြို့၊ ဘုရားဆိပ်ကျေးရွာနေ မအေးသက်(ဘ)ဦးတာကို ၁၀/ဘလန(နိုင်)၁၅၃၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 134482)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနွင်းဆီလမ်းနေ အဘ ဦးမြင့်ဆွေ၏သမီး မတင်မိုးဆွေ(ခ)ဂျင်နရီ ၁/မဂတ(နိုင်)၀၄၂၀၁၁ အား မတင်မိုးဆွေဟုပြောင်းလဲခေါ်ဆိုပါရန်။

မတင်မိုးဆွေ

ပျောက်ဆုံးကြောင်း

သဲဆုဝေ(ဘ)ဦးအောင်ဆန်းဝင်း ၁၂/ကခက(နိုင်)၀၉၆၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မျိုးမင်းဦး(ဘ)ဦးမျိုးချစ် ၆/ကစန(နိုင်) ၀၅၁၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

ရန်အောင်(ဘ)ဦးမြသန်း ၇/ပတတ(နိုင်) ၁၀၀၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 281832)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

ခင်ဇော်နိုင်(ဘ)ဦးခင်ထွန်း ၈/ခမန(နိုင်) ၁၈၈၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၄၈၀၅၃၇

ပျောက်ဆုံးကြောင်း

ဘီးလင်းမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးဇော်ဝင်း(ဘ)ဦးနိုင်ဝင်း ၃/မဝတ(နိုင်)၀၉၂၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 171760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာနေ မြတ်သူအောင်(ဘ)ဦးမောင်ဝင်း ၁၀/သထန(နိုင်)၂၉၂၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 541352)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မုံရွာမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ခတောက္ကန်တောရကျောင်းနေ ဆရာတော်ဦးအာဒိစ္စ(ဘ)ဦးငွေသိန်း၏နိုင်ငံကူးလက်မှတ်အမှတ်(MK 794267)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဘားအံမြို့နယ်၊ အမှတ်(၉)ရပ်ကွက်နေ ခွန်ကျော်မြင့်(ဘ)ဦးစောလှကျော် ၃/၀လမ(နိုင်)၀၀၀၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 159364)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

သရက်မြို့နယ်၊ တုံကျေးရွာနေ မတင်ဇော်ဝင်း(ဘ)ဦးကိုငယ် ၈/သရန(နိုင်)၁၀၁၃၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 485988)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

သရက်မြို့နယ်၊ တုံကျေးရွာနေ ဦးဇော်ဝင်းထွဋ် (ဘ)ဦးမဲကျော် ၈/သရန(နိုင်)၀၈၇၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 610604)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်နေ နှင်းသဇင်ဖူး(ဘ)ဦးနိုင်ဝင်း ၃/မဝတ(နိုင်)၀၉၂၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 171760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဖြူးမြို့နယ်၊ တံခွန်တိုင်အုပ်စုနေ မဖြူဇော်ဝင်း(ဘ)ဦးဆန်းတင့် ၇/ဖမန(နိုင်)၂၅၀၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 489561)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ဖြူးမြို့နယ်၊ ထောက်ကြံကွင်းရွာနေ မဖြူဖြူစိုး(ဘ)ဦးဆန်းလွင် ၇/ဖမန(နိုင်)၂၂၈၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 625031)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ပိုင်ကျိုမြို့နေ မိလှထွေး(ဘ)ဦးမောင်ကယ် ၃/ပကန(နိုင်)၀၅၇၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 618687)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ ဘားအံပညာရေးဒီဂရီကောလိပ်(ဝန်ထမ်းအိမ်ရာ)နေ ဒေါ်အေးငြိမ်းထွန်း ၁/ရကန(နိုင်)၀၆၂၀၅၃ ၏ဖခင် ဦးမျိုးထွန်း(ခ)ဦးတင်မျိုးထွန်း ၁/ရကန(နိုင်)၀၆၂၃၁၂ နှင့် မိခင် ဒေါ်ခင်မာမာမိုး(ခ)ဒေါ်ခင်မာမာစိုး(ခ)ဒေါ်သန်းပု ၁/ရကန(နိုင်)၀၂၃၈၆၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမျိုးထွန်း(ခ)ဦးတင်မျိုးထွန်း
ဒေါ်ခင်မာမာမိုး(ခ)ဒေါ်ခင်မာမာစိုး(ခ)
ဒေါ်သန်းပု

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မဲကနယ်အုပ်စု၊ မဲကနယ်ကျေးရွာနေ နန်းမျိုးဝေ(ဘ)ဦးလာခို ၃/ဘအန(နိုင်)၃၃၃၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 154120)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၈၅၃၃၃

ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့၊ ကောမိကျေးရွာနေ မိအိုင်မွန်(ဘ)ဦးမင်းစိတ် ၃/ကကရ(နိုင်)၁၈၇၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 869812)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၀၂၉၁၈

ပျောက်ဆုံးကြောင်း

ခင်ဦးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်မိုးမိုးထွေး(ဘ)ဦးကျော်စိန် ၅/ခဥန(နိုင်)၀၇၇၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 830069)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ရေးမြို့၊ ပလိုင်းကီးရွာနေ မြင့်အေး(ဘ)ဦးအောင်သန်း ၁၀/ရမန(နိုင်) ၂၁၃၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC 797949)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၉၅၃၃၇၉၉

ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ ကျုံကရင်ရွာနေ မင်းမွန်ချမ်း(ဘ)ဦးသန်းငွေ ၃/ဘအန(နိုင်)၂၄၀၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 869812)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၂၅၀၀၂၉၁၈

ပျောက်ဆုံးကြောင်း

လက်ပံတန်းမြို့၊ သာရဝေါရွာနေ အောင်ညီညီခန့်(ဘ)ဦးစန်းမောင် ၇/လပတ(နိုင်)၀၅၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 057555)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၇၁၃၅၇၇၇

ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED



- စာရင်းရှင်အပ်ငွေစာရင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ချေးငွေများထုတ်ချေးခြင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
- ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂

အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၅၉၊ ၄၀၂၁၂၂၀၁၊ ၂၈၄၈၄၄၁

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)



အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ



လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ



ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com



❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း - NSPAW (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီအစည်းအဝေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၂

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women – NSPAW) (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Hotel Max ရှိ ကုမုဒြာခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ဇင်၊ ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အမျိုးသမီးအသင်းအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၄ ကော်လံ ၁** ❍




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာ စီမံကိန်း – NSPAW (၂၀၂၃–၂၀၃၂) ဦးဆောင်ကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ဂျာမနီသံရုံး ယာယီ တာဝန်ခံ၏ လူမှုမီဒီယာမှ တစ်ဆင့် ထုတ်ပြန်ခဲ့သော ဗီဒီယိုနှင့်ပတ်သက်၍ ပြင်းထန်စွာကန့်ကွက် ရှုတ်ချခြင်း စာ – ၁၉ သို့

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများသို့ လာရောက်ကြည့်ရှုသူ များဖြင့် အထူးစည်ကား စာ – ၆ သို့

နယ်စပ်ဒေသတွင်အခြေပြု၍ တရုတ်နိုင်ငံသားများအား ပစ်မှတ်ထားလိမ်လည်နေသော Online Scam Center များ ဆက်လက်ရှင်သန်ခွင့်မရစေရေး ပြည်သူနှင့်ပူးပေါင်းနှိမ်နင်း



အွန်လိုင်းအသုံးပြုငွေကြေးလိမ်လည်သူများ ပစ်မှတ်ရှာဖွေရာတွင် အသုံးပြုသည့် မိတ်ဆွေဖွဲ့ Application များနှင့် Chat Application များ။

နေပြည်တော် နိုဝင်ဘာ ၁၂

အွန်လိုင်းလိမ်လည် လောင်းကစားမှုသည် သာမန်ငွေကြေးလိမ်လည်မှုတစ်ခုသာ မဟုတ်ဘဲ နည်းပညာ၊ သတင်းအချက်အလက်၊ စီးပွားရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးတို့နှင့်ပါ ဆက်စပ်နေသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကာ ဒေသတွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်း၍ ထိရောက်ပြတ်သားစွာ နှိမ်နင်း **စာမျက်နှာ ၁၆ ကော်လံ ၁** ■

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘော(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဘော်လီဘော(အမျိုးသား၊အမျိုးသမီး) ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် **စာမျက်နှာ ၂၀ ကော်လံ ၄** ❐



MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် SGF YOUTH အသင်း နိုင်ပွဲဆက်ပြီး အမှတ်ပေးဇယား၌ဆက်လက်ဦးဆောင်



ရန်ကုန် နိုဝင်ဘာ ၁၂

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့်သဘောတိုင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ-၁၆ ဖူဆယ်လိဂ်ပွဲစဉ်(၁၉)ပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ **စာမျက်နှာ ၁၄ ကော်လံ ၁** ➢

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် နိုဝင်ဘာလ ၁၃ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)